ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလမုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၂ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၀၄)

## စွမ်းအင်ကဏ္ဍတွင် အောင်မြင်မှုရရှိနေ

မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍနှင့် ပတ်သက်ပြီး ဦးဆောင်နိုင်ငံအဖြစ် ဆက်လက်ဆောင်ရွက်ခွင့်ရသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအား ကျေးဇူးတင်ရှိ။ စွမ်းအင်ကဏ္ဍတွင် ရရှိနေသည့်အောင်မြင်မှုများသည် ဘင်းမ်စတက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကြောင့် ရရှိခဲ့ခြင်းဖြစ်သည်။

# ဘင်းမ်စတက်အဖွဲ့အတွင်း လမ်းပန်းဆက်သွယ်မှုကြောင့် ဒေသတွင်းစီးပွားရေး ပိုမိုခိုင်မာစေမည်
# အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်း ဆွေးနွေးလျက်ရှိ
# စွမ်းအင်ကဏ္ဍရရှိနေသည့်အောင်မြင်မှုများသည် ဘင်းမ်စတက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်
# ထားဝယ်–ကြော့ဖြင့်ရေနက်ဆိပ်ကမ်း ဒေသတွင်းကူးသန်းရောင်းဝယ်မှုဖြစ်ထွန်းရေး အထောက်အကူပြုမည်

**ရန်ကုန်  ဩဂုတ်  ၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီခွဲတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ■

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)





# ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံ အစိုးရအဖွဲ့အကြီးအကဲများ ဒေသတွင်းလုပ်ငန်းများ အလွတ်သဘောစည်းဝေး ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းအတည်ပြု

**ရန်ကုန်  ဩဂုတ်  ၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင် ၃၁ ရက် နံနက် ၁၁ နာရီတွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပထမထပ်ရှိ Buakaew Room ၌ ကျင်းပသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများ၏ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်သည်။

### အစည်းအဝေးတက်ရောက်

အဆိုပါ အစည်းအဝေးသို့ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ၊ ဘူတန်နိုင်ငံ ဝန်ကြီးချုပ် လွန်ပိုဂျင်မီသင်လေ၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်

*စာမျက်နှာ ၈ ကော်လံ ၁* ❒

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗန်ကောက်မြို့ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိလာရာ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သက်ဆင် ရှင်နာဝပ်က ကြိုဆိုစဉ်။ (သတင်းစဉ်)



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

# မြန်မာ-ထိုင်း နှစ်နိုင်ငံဆက်ဆံရေး အားရဖွယ်ဖြစ်ထွန်း စီးပွားရေးနှင့်ဆက်ဆံရေး ပိုမိုတိုးတက်စေရန် တိုးမြှင့်ဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်စုံထောင့်စုံမှ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

ယနေ့အချိန်ကာလတွင် နိုင်ငံတကာ ဖြစ်စဉ်ပြောင်းလဲမှုများ၊ နိုင်ငံတကာ စီးပွားရေးအခြေအနေ ပြောင်းလဲမှုများ လျင်မြန်စွာ ဖြစ်ပေါ်လျက်ရှိသည်။

ယင်းသို့သောကာလတွင် ဒေသတွင်း မိတ်ဆွေအိမ်နီးချင်း နိုင်ငံအချင်းချင်း ခိုင်မာသည့် စီးပွားရေး၊ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်တည်ဆောက်ထားရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုတိုးတက်ရေး၊ စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကို အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် နယ်နိမိတ် မိုင်ပေါင်း၁၃၀၀ကျော် ဆက်စပ်လျက်ရှိသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ရုံသာမက အာဆီယံနှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများလည်း ဖြစ်ကြသည်။ ထို့အပြင် ကိုးကွယ်သည့်ဘာသာ၊ ယဉ်ကျေးမှုအစဉ်အလာများလည်း တူညီမှုရှိကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ဇူလိုင်လ ၃၀ရက်နေ့မှ ၃၁ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ ဇူလိုင်လ ၃၀ ရက်နေ့တွင် ထိုင်းနိုင်ငံ ဟွာဟင်း မြို့ရှိ ဘုရင့်နန်းတော်သို့ သွားရောက်၍ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်အား တွေ့ဆုံ နှုတ်ဆက်ခဲ့သည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်ရုံးသို့ သွားရောက်၍ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်အား တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ထိုသို့ နှစ်နိုင်ငံဝန်ကြီးချုပ်များ ရင်းနှီးချစ်ကြည်စွာ တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က-

**ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့၏ ဆက်ဆံရေးသည် လွန်စွာ အားရဖွယ် ဖြစ်ထွန်းလျက်ရှိပြီး ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်လျက် ရှိနေကြောင်း၊ အထူးသဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ပပျောက်ရေးလုပ်ငန်းများတွင် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုများမှာ အထူးအားရဖွယ်ကောင်းလှပြီး အောင်မြင်မှုများလည်း ရရှိနေကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိုင်းနိုင်ငံက ပါဝင်ကူညီ ဆောင်ရွက်ပေးနေခြင်း အတွက် ကျေးဇူးတင်ရှိကြောင်း**

ဆွေးနွေး ပြောကြားသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ သက်ဆင်ရှင်နာဝပ်ကလည်း-

**ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ ပင်လယ်ရေနက် ဆိပ်ကမ်းတည်ဆောက်ရေးစသည့် ကိစ္စများတွင် ပူးပေါင်း ဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ စီးပွားရေးနှင့် ဆက်ဆံရေးကိစ္စရပ်များ ပိုမိုတိုးတက်ဖြစ်ထွန်းရေးလည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း**

ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းသည် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို မြှင့်တင်ပေးရာ ရောက်ပေသည်။

သို့ဖြစ်ရာ မြန်မာ-ထိုင်း နှစ်နိုင်ငံဆက်ဆံရေးသည် အားရဖွယ် ဖြစ်ထွန်းလျက်ရှိပြီး ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အလျောက် နှစ်နိုင်ငံ စီးပွားရေးနှင့်ဆက်ဆံရေး ပိုမိုတိုးတက်စေရန် ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၂-၈-၂၀၀၆
(တနင်္လာနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Health Care and Health Services (ဒုတိယနှစ်-စီးပွားရေး)
- ၅:၃၀ ၁၀။ မြန်ဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၇။ လျှပ်တစ်ပြက်
- ၆:၅၀ ၁၈။ မေးမြန်းစူးစမ်း
- ၇:၀၀ ၁၉။ ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"**(အပိုင်း-၁၂)
- ၈:၀၀ ၂၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၂။ လျှပ်တစ်ပြက်
- ၂၃။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် အယောင်ဆောင် စွမ်းအားရှင်"** (အပိုင်း-၅)

# ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဂုဏဝိသိဋ္ဌပူဇာဂုဏ်ပြုပူဇော်ပွဲနှင့် သီတဂူဆရာတော်အထူးတရားပွဲ

**ရန်ကုန် ဩဂုတ် ၁**

ပဲခူးမြို့ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက ရွှေကျင် ဒုတိယ သာသနာပိုင် ဆရာတော်နှင့် စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော်တို့၏ တပည့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် လက်ထောက်မော်ကွန်းထိန်း အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ Bumaras Hindi University မှ ပါရဂူ ဒေါက်တာဘွဲ့ (Ph.D)ရရှိခဲ့သော ပါမောက္ခဒေါက်တာ အရှင်ပညာဇောတအား ဂုဏဝိသိဋ္ဌပူဇာဂုဏ်ပြုပူဇော်ပွဲကို လူမှုထူးချွန် (ပထမဆင့်) သီဟသုဓမ္မ မဏိဇောတဓရ သီရိသုဓမ္မ မဏိဇောတဓရ ဦးသိန်းဝင်း- သီဟသုဓမ္မသီဂီ သီရိသုဓမ္မသီဂီ အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်နီနှင့် သားသမီး၊ မြေးတစ်စု၊ ရွှေသံလွင် ကုမ္ပဏီမိသားစု)တို့က ကမကထပြု၍ ဩဂုတ် ၇ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဂုဏ်ပြုပူဇော်ပွဲသို့သီတဂူဆရာတော် ကြွရောက်၍ ရေစက်ချအနုမောဒနာတရားချီးမြှင့်မည်ဖြစ်ပြီး ထိုနေ့ည၇နာရီတွင်သီတဂူဆရာတော်က အထူးတရားပွဲ ချီးမြှင့် ဟောကြားမည်ဖြစ်သည်။ ဩဂုတ် ၈ရက် နံနက်ပိုင်းတွင် ပါမောက္ခဒေါက်တာ အရှင်ပညာဇောတအား ရွှေသံလွင် ကုမ္ပဏီမိသားစုကသင်္ကန်းထပ်မင်္ဂလာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဇူလိုင် ၂၇ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ စက်ချုပ်အမြန်သင်တန်း(၃/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို မြို့နယ် အသင်းရုံးခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါ်တင်မာငွေက အဖွင့်အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)





## မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်သို့ အားဆေးနှင့် လေ့ကျင့်ရေးမြက်ခင်းတုလှူဒါန်း

**ရန်ကုန် ဩဂုတ် ၁**

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်သို့ အားဆေးနှင့် လေ့ကျင့်ရေးမြက်ခင်းတု လှူဒါန်းသည့်အခမ်းအနားကို ဇူလိုင် ၃၀ရက်မွန်းလွဲ၂နာရီက ရန်ကုန် မြို့ရှိ သိမ်ဖြူ ဟော်ကီ အားကစား ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အာရှဟော်ကီအဖွဲ့ချုပ်က ကြီးမှူး၍ ဘင်္ဂလားဒေ့ရှ် ပြည်သူ့ သမ္မတနိုင်ငံ ဒက္ကာမြို့၌ ကျင်းပမည့် အသက် (၂၁)နှစ်အောက် ခြောက်နိုင်ငံ ဖိတ်ခေါ် ဟော်ကီပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး လေ့ကျင့်လျက်ရှိသော လူငယ်အားကစားသမားများအတွက် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် လေ့ကျင့်ရေး ကော်မတီအတွင်းရေးမှူး ဦးမူဆာအေမဒါးက မြန်မာ့လက်ရွေးစင်ဟော်ကီ အားကစားသမားများအတွက် ခွန်အားပြည့်အားဆေးငွေကျပ်တစ်သိန်းဖိုးကို လည်းကောင်း၊ မြန်မာနိုင်ငံဟော်ကီ အဖွဲ့ချုပ်လေ့ကျင့်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဌေးသိန်းက ငွေကျပ် ခြောက်သောင်းတန်ဖိုးရှိ လေ့ကျင့်ရေးမြက်ခင်း တုကိုလည်းကောင်း ပေးအပ် လှူဒါန်းကြရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌ (ပြည်ပရေးရာ)ဦးကျော်နိုင်နှင့် ဒုတိယဥက္ကဋ္ဌ (ဘဏ္ဍာရေး)ဦးမောင်မောင် (ရွှေကမ္ဘာ) တို့က လက်ခံကြသည်။ **(အပေါ်ဝဲပုံ)**

**(သတင်းစဉ်)**

## ဝါဆိုသင်္ကန်းဆက်ကပ်မည်

**ရန်ကုန် ဩဂုတ် ၁**

ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)၏ (၈)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဩဂုတ် ၇ရက် နံနက် ၉နာရီတွင် ၁၅၁လမ်းနှင့် ဗဟိုလမ်းထောင့်၊ဖျိုင်းရွာမရပ်ကွက် တာမွေမြို့နယ်ရှိ'ဧ'ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ ခံမည့် အသက်(၇၅)နှစ်နှင့် အထက် ပုဂ္ဂိုလ်များသည် ဩဂုတ်၄ရက် နောက်ဆုံးထား စာရင်းပေးကြရန်နှင့် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးအေးလွင် ဖုန်း-၅၄၉၆၉၁၊ ၀၉-၅၀-၁၆၆၃၁၊ ဒုတိယ ဥက္ကဋ္ဌ ဦးထွန်းအောင်ဇံ ဖုန်း-၂၉၂၀၈၆ နှင့် အတွင်းရေးမှူး ဦးမိုးမြင့် ဖုန်း-၇၀၁၁၄၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူများအကြား ထိတွေ့မှုနှင့် နားလည်မှု ပိုမိုဖြစ်ထွန်းလာစေမည်

# မြန်မာနိုင်ငံက အဖွဲ့ကြီး၏ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိစေရေး လက်တွဲဆောင်ရွက်ရန်အသင့်ရှိ

# အောင်မြင်သော ဘင်းမ်စတက်အဖွဲ့ကြီးအဖြစ် ရပ်တည်နိုင်ရေး မြန်မာနိုင်ငံက အဖွဲ့ဝင်အားလုံးနှင့်ပူးပေါင်းသွားမည်




**မိန့်ခွန်းပြောကြား**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)**

■ **ရှေ့ဖုံးမှ**

ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါ ဇီယာ၊ ဘူတန်နိုင်ငံ ဝန်ကြီးချုပ် လွန်ပိုဂျင်မီသင်လေ၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာရှားဗဟာဒူး ဒူဗား၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မဒမ်ချန်ဒရီကာ ဘန်ဒရာ နိုက်ကေး ကုမာရာတွန်ဂါ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများသည် ထိပ်သီးအစည်းအဝေးကျင်းပမည့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ နံနက်ဂနာရီခွဲမှစတင်၍ နိုင်ငံအလိုက် ရောက်ရှိကြသည်။

## ထိုင်းနိုင်ငံဝန်ကြီးချုပ်ကြိုဆို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများသည် ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ရောက်ရှိလာကြရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာသက်ဆင် ရှင်နာဝပ်က ကြိုဆိုသည်။

ထို့နောက် ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲ အခမ်းအနားကို ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပထမထပ်ရှိ Vithes Samonsorn ခန်းမ၌ စတင်ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားအစီအစဉ်အရ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသက်ဆင် ရှင်နာဝပ်က မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ၊ ဘူတန်နိုင်ငံ ဝန်ကြီးချုပ် လွန်ပိုဂျင်မီသင်လေ၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းတို့က မိန့်ခွန်းပြောကြားကြသည်။

## အောင်မြင်ရမည်ယုံကြည်

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင် ယခုကဲ့သို့ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ၏ ပထမအကြိမ် ထိပ်သီးအစည်းအဝေး၌ အဆွေတော်အနေဖြင့် သဘာပတိအဖြစ် ဆောင်ရွက်သည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ မိမိအနေဖြင့်လည်းကောင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့ ကိုယ်စားလည်းကောင်း ပထမဦးစွာပြောကြားလိုပါကြောင်း၊ အဆွေတော် ဝန်ကြီးချုပ်၏ အတွေ့အကြုံနှင့် စွမ်းဆောင်ရည်ရှိသည့် ဦးဆောင်မှုအောက်တွင် ဤထိပ်သီး အစည်းအဝေးကြီးသည် အောင်မြင်မှုရရှိလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

## ဝမ်းမြောက်ဂုဏ်ယူ

ထို့အပြင် ထိပ်သီးအစည်းအဝေးအတွက် လိုလေသေးမရှိအောင် စီစဉ်ဆောင်ရွက်ပေးသည့် အဆွေတော်ဝန်ကြီးချုပ်နှင့်တကွ ထိုင်းနိုင်ငံအစိုးရနှင့် ပြည်သူများအား ကျေးဇူးဥပကာရ အထူးတင်ရှိကြောင်းလည်း ပြောကြားလိုပါကြောင်း၊ ယနေ့ကဲ့သို့ မိမိတို့၏အစည်းအဝေးကြီးတွင် မိမိအနေဖြင့်ပါဝင်တက်ရောက်ပြီး အဖွဲ့ကြီး၏ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရန် အတွက် အဆွေတော်တို့နှင့်အတူတကွ အမြင်ချင်းဖလှယ်ခွင့် ရရှိသည့်အတွက် များစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြောကြားလိုပါကြောင်း။

## လက်တွဲရန်အသင့်ရှိ

မိမိအနေဖြင့် အဖွဲ့ဝင်သစ်များအဖြစ် ပါဝင်လာသည့် နီပေါနှင့်ဘူတန်နိုင်ငံတို့ကို လှိုက်လှဲစွာကြိုဆိုကြောင်း ပြောကြားလိုပါကြောင်း၊ နီပေါနှင့် ဘူတန်နိုင်ငံတို့အနေဖြင့် ဘင်းမ်စတက်အဖွဲ့ကြီးသို့ အဖွဲ့ဝင် နိုင်ငံများအဖြစ် ဝင်ရောက်လာခြင်းသည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက်သာမက ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများရှိ ပြည်သူများအကြား ထိတွေ့မှုနှင့် နားလည်မှု တို့ကိုလည်း ပိုမို ဖြစ်ထွန်းလာစေမည်ဟု မိမိတို့ ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ကြီး၏ရည်မှန်းချက် ပန်းတိုင်သို့ရောက်ရှိလာစေရန် အဖွဲ့ဝင်နိုင်ငံသစ်နှစ်နိုင်ငံနှင့် အတူတကွ လက်တွဲဆောင်ရွက်ရန် အသင့်ရှိကြောင်း ပြောကြားလိုပါကြောင်း။

## တိုးတက်အောင်ဖော်ဆောင်

ဘင်းမ်စတက်အဖွဲ့ကို စတင်မွေးဖွားပေးလိုက်သည့်‘ဗန်ကောက် ကြေညာစာတမ်း’တွင် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများအတွင်း လျင်မြန်သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိသော ဝန်းကျင်တစ်ရပ်ကို ဖန်တီးရန်အတွက် အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များကို အထောက်အကူပြုပြီး အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်ရေး စီမံချက်များကို တိကျစွာသတ်မှတ်ကာ ဤကဲ့သို့သတ်မှတ်ထားသည့် ပူးပေါင်းဆောင်ရွက်ရေး စီမံချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သင့်သည်ဟု ဖော်ပြပါရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် ဘင်းမ်စတက် အဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍခြောက်ရပ် သတ်မှတ်နိုင်ခဲ့ပြီး ဤပူးပေါင်းဆောင်ရွက်မှုများကတစ်ဆင့် မိမိတို့၏စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို ခိုင်မာတိုးတက်အောင် ဖော်ဆောင်ပေးလျက်ရှိပါကြောင်း။

ဘင်းမ်စတက်အဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍတစ်ရပ်ဖြစ်သည့် ခရီးသွားလုပ်ငန်းကဏ္ဍသည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသည့် မျှော်လင့်ချက်ရောင်ခြည်တစ်ရပ် ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် စီးပွားရေး အခွင့်အလမ်းသစ်များပေါ်ထွန်းစေနိုင်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေကိုလည်း တိုးမြင့်အောင် ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်နိုင်ခြင်းသည် ဆင်းရဲမွဲတေမှု လျှော့ချရေးကို အထောက်အကူပြုစေပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ၂၀၀၄ခုနှစ်ကို ဘင်းမ်စတက်ခရီးသွားနှစ်အဖြစ် သတ်မှတ်ပြီး အဖွဲ့ဝင်နိုင်ငံများအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုများကို ကြိုဆိုပါကြောင်း။

## ယဉ်ကျေးမှုမပျောက်အောင်ထိန်းသိမ်း

မြန်မာနိုင်ငံသည် “စေတီပုထိုး ပေါ်များရာနိုင်ငံ”ဆိုပြီး ယဉ်ကျေးမှုကို အခြေခံသည့် ခရီးသွားလုပ်ငန်းတွင် ထင်ရှားသည့်နိုင်ငံဖြစ်ပါကြောင်း၊ “စေတီပုထိုးပေါ်များရာနိုင်ငံ”ဟု ထင်ရှားသည့်အပြင် ကြွယ်ဝသည့်ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝကပေးအပ်ထားသည့် အပူပိုင်းသစ်တောကြီးများ၊ သာယာလှပသည့် ကမ်းခြေများ၊ နှင်းများဖုံးလွှမ်းထားသည့် တောင်တန်းကြီးများ အစရှိသော ပတ်ဝန်းကျင်၏ သာယာလှပမှုများ၊ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းကဲ့သို့ သော ကမ္ဘာကျော်ကြားသည့် ကျောက်မျက်ရတနာများ၊ လက်မှုပစ္စည်းများတို့ကြောင့်လည်း ခရီးသွားများအကြား ထင်ရှားလျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် သန္နိဋ္ဌာန်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိနေသကဲ့သို့ တစ်ဖက်တွင်လည်း မိမိတို့၏ ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါကြောင်း။

## ပိုမိုခိုင်မြဲလာစေ

ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများအကြား လမ်းပန်းဆက်သွယ်ရေး တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း ကုန်သွယ်မှု၊ ခရီးသွားလုပ်ငန်းနှင့် ပြည်သူအချင်းချင်း ဆက်ဆံမှုများ တိုးတက်လာရေးကို အထောက်အကူပြုစေမှာဖြစ်ပါကြောင်း၊ ထို့အပြင် ဘင်းမ်စတက်အဖွဲ့အတွင်း လမ်းပန်းဆက်သွယ်မှုများကြောင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုခိုင်မြဲစေပြီး ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းဆိုင်ရာ ကူးလူးယှက်နွှယ်မှုများကိုလည်း ပိုမိုခိုင်မာစေမှာ ဖြစ်ပါကြောင်း။

ယခုဆိုလျှင် မြန်မာနိုင်ငံသည် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးဖောက်လုပ်ရေးစီမံကိန်းနှင့် ပတ်သက်ပြီး ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးလျက်ရှိပါကြောင်း၊ ဤအဝေးပြေးလမ်းမကြီးသည် အိန္ဒိယနိုင်ငံ မိုရေးမှအစပြုပြီး မြန်မာနိုင်ငံအတွင်း ပုဂံကိုဖြတ်သန်းကာ ထိုင်းနိုင်ငံ မဲဆောက်ကို ဆက်သွယ်မှာ ဖြစ်ပါကြောင်း။

## အထောက်အကူပြု

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် မိမိတို့အနေဖြင့် အဝေးပြေးလမ်းမကြီးများအပြင် ရေလမ်းခရီးမှတစ်ဆင့် သယ်ယူပို့ဆောင်မှုများဆောင်ရွက်နိုင်မည့် နည်းလမ်းများရှာဖွေရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဖူးခက်၌ ကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးတွင် ထားဝယ်ရေနက်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို တင်ပြခဲ့ပါကြောင်း၊ ထားဝယ်-ညောင်ပြင် အပြည်ပြည်ဆိုင်ရာ ရေနက်ဆိပ်ကမ်းသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကို စီးပွားရေးအရ အကျိုးဖြစ်ထွန်းစေနိုင်မှာသာမက ဒေသတွင်းရှိ ကုန်ပစ္စည်းတင်ပို့သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ကူးသန်းရောင်းဝယ်မှုဖြစ်ထွန်းရေးတို့ကိုလည်း များစွာအထောက်အကူဖြစ်စေမှာ ဖြစ်ပါကြောင်း။

**စာမျက်နှာ ၅ ကော်လံ ၁**

# ပိုလန်တပ်ဖွဲ့ယာဉ်တန်း မိုင်းခွဲတိုက်ခိုက်ခံရ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

ဝါဆော ဇူလိုင် ၃၀

**ပိုလန်တပ်ဖွဲ့ဝင်များ၏ ယာဉ်တန်းကို ဟီလာနှင့်ဘဂ္ဂဒက်အကြားတွင် ညဘက်၌ အဝေးထိန်းကိရိယာဖြင့် မိုင်းခွဲတိုက်ခိုက်မှုကြောင့် ပိုလန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း ပိုလန်ကာကွယ်ရေးဝန်ကြီး ဂျာဇီရှမက်ဇင်စကီက ကြာသပတေးနေ့၌ ပြောကြားသည်။**

မိုင်းအား အင်အားပြင်းထန်ကြောင်း၊ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရကြောင်း တီဗွီအင် ၂၄ ရုပ်မြင်သံကြားဌာနသို့ ၎င်းက ပြောကြားသည်။

### တိုက်ခိုက်ခံရ

ပိုလန်တပ်ဖွဲ့ဝင်များသည် ကင်းလှည့်စဉ် ဟီလာနှင့်ဘဂ္ဂဒက်ကြား၌ တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း၊ မော်တော်ယာဉ်တန်း၌ ကားသုံးလေးစီးပါကြောင်း၊ ဒဏ်ရာရသူတပ်ဖွဲ့ဝင်လေးဦးကို ဘဂ္ဂဒက်ရှိ အမေရိကန်ဆေးရုံ၌ တင်ထားကြောင်း ၎င်းက ပြောကြားသည်။

### ကွပ်ကဲ

ပိုလန်နိုင်ငံသည် ပိုလန်တပ်ဖွဲ့ဝင် ၂၅၀၀ အပါအဝင် အီရတ်တောင်အလယ်ပိုင်းဒေသတွင်းရှိသော နိုင်ငံစုံတပ်ဖွဲ့ဝင် ၈၀၀၀ကို ဦးစီးကွပ်ကဲထားသည်။

ယခုတိုက်ခိုက်မှုတွင် ပိုလန်တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးသွားသဖြင့် အီရတ်၌သေဆုံးသော ပိုလန်တပ်ဖွဲ့ဝင် ငါးဦးထက်ရှိသွားပြီဖြစ်သည်။ ပိုလန်သတင်းစာဆရာနှစ်ဦးနှင့် လုံခြုံရေးကုမ္ပဏီ၌အလုပ်လုပ်သော ပိုလန်တပ်ဖွဲ့ဝင်ဟောင်းနှစ်ဦးတို့လည်း အီရတ်နိုင်ငံ၌ အသတ်ခံခဲ့ကြရသည်။ **အမ်အင်အေ၊ရိုက်တာ**




### ဆန္ဒပြ

**အီရတ်မှ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းခဲ့မှုနှင့် ပတ်သက်၍ ဩစတြေးလျက ဝေဖန်ပြစ်တင်ပြောကြားမှုကိုကန့်ကွက်သည့်အနေဖြင့် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ ဩစတြေးလျသံရုံးရှေ့တွင် ဆန္ဒပြနေကြသူများကို ဇူလိုင် ၃၀ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ယူကရိန်းတပ်ဖွဲ့များ အီရတ်မှရုပ်သိမ်းရေး ပိုလန်၊ကန်တို့နှင့် ယူကရိန်းဆွေးနွေး

**ကီယက်ဗ် ဇူလိုင် ၃၀**

အီရတ်နိုင်ငံမှနေ၍ ယူကရိန်းတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးကိစ္စကို ယူကရိန်းနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၊ ပိုလန်နိုင်ငံတို့နှင့် စတင်ဆွေးနွေးကြောင်း ယူကရိန်းကာကွယ်ရေးဝန်ကြီး အီဗင်မာချွတ်က ကြာသပတေးနေ့၌ ပြောကြားသည်။

### သေဆုံး

အီရတ်ကို အမေရိကန်နှင့် အပေါင်းပါတပ်များ တိုက်ခိုက်သောစစ်ပွဲအား ယူကရိန်းနိုင်ငံက ထောက်ခံပြီး လွန်ခဲ့သည့် ဩဂုတ်လ၌ တပ်ဖွဲ့ဝင် ၁၆၀၀ကို အီရတ်သို့ စေလွှတ်ပေးခဲ့သည်။ သို့သော်လည်း ယူကရိန်းလက်ဝဲနိုင်ငံရေးသမားများက တပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးခဲ့ပြီးနောက်ပိုင်း အီရတ်မှနေ၍ တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းစေလိုကြသည်။

### လွှမ်းမိုး

ယူကရိန်းသမ္မတက တပ်ဖွဲ့ဝင်များကို ပြီးဆုံးသည်အထိ ဆက်ထားလိုသော်လည်း တပ်ဖွဲ့ဝင်များရုပ်သိမ်းရေး ပြဿနာသည် အောက်တိုဘာလ သမ္မတရွေးပွဲမတိုင်မီ ယူကရိန်းနိုင်ငံရေးကိုလွှမ်းမိုးထားသည်။ ယူကရိန်းနိုင်ငံသည် အီရတ်သို့ တပ်ဖွဲ့ဝင်များစေလွှတ်ပေးခြင်းဖြင့် ဘဂ္ဂဒက်သို့ လက်နက်များ ခိုးရောင်းခဲ့သည်ဆိုသောသတင်းကြောင့် တင်းမာခဲ့ရသည့် အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေးကို ပြန်လည်ပြင်ဆင်ရန် မျှော်လင့်ခဲ့သည်။ ယူကရိန်းတပ်ဖွဲ့ဝင်များ အီရတ်၌ရှိခြင်းအတွက် မိမိစိတ်မချမ်းမြေ့ကြောင်းလည်း ဝန်ကြီးချုပ် ဗစ်တာ ယူနူကိုဗစ်ချ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

**ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားစဉ် မီးလောင်ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဇူလိုင် ၃၀ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



# တောင်နှင့် အရှေ့တောင်အာရှ နိုင်ငံများအကြား ဘင်းမ်စတက်သည် ပေါင်းကူးပေးသော တံတားဖြစ် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း ပြောကြား

ဗန်ကောက် ဇူလိုင် ၃၁

**ဘင်းမ်စတက်အုပ်စုသည် တောင်နှင့် အရှေ့တောင်အာရှနိုင်ငံများကြားတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် အရေးကြီးသော ပေါင်းကူးတံတားဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြောကြားလိုက်သည်။**

ဘင်းမ်စတက်သည် ဒေသပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တောင်အာရှနိုင်ငံများအသင်း (အက်စ်အေအေအာစီ)နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကြားတွင် အရေးကြီးသော ပေါင်းကူးတံတားဖြစ်ကြောင်း ဝန်ကြီးချုပ်ပြောစကားကို ကိုးကားလျက် ဒေသထုတ် နေးရှင်းသတင်းစာက ဖော်ပြသည်။

ဘင်းမ်စတက်သည် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ အရေးကြီးမှုကို အဖွဲ့ဝင်နိုင်ငံများနားလည်သဘောပေါက်ခြင်းဖြင့် အင်အားရှိသော၊ စံထားထိုက်သော စီးပွားရေး အုပ်စုအဖြစ်သို့ အဆင့်ဆင့် ပြောင်းလဲသွားနိုင်ကြောင်း ဘင်းမ်စတက် အစည်းအဝေးသို့ တက်ရောက်ရန် မထွက်ခွာမီ ဝန်ကြီးချုပ်က ပြောကြားသည်။

ဘင်းမ်စတက်တွင် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ ဘူတန်နှင့် နီပေါတို့ ပါဝင်သည်။

ဘင်းမ်စတက်အတွင်း စုစုပေါင်းလူဦးရေ ၁ ဒသမ ၃ဘီလီယံ ရှိသော်လည်း ကုန်သွယ်မှု ပမာဏမှာ ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇ဒသမ၃ ဘီလီယံ မျှသာရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

# ဇူလိုင် ၃၀ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်၉၀၉ဦး ရှိပြီ

ဘဂ္ဂဒက် ဇူလိုင် ၃၁

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ခုနှစ် မတ် ၂၀ရက်မှစတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံး၊ ဒဏ်ရာရလျက်ရှိကြသည်။**

၂၀၀၄ ခုနှစ် ဇူလိုင် ၃၀ ရက် သောကြာနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၀၉ဦးဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။ ယင်းအနက် ၆၇၄ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး၊ ၂၃၅ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။ ထို့ပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၀၊ အီတလီ ၁၈ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ခုနစ်ဦး၊ ယူကရိန်း လေးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒိုး၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်ဟု ဆိုသည်။

သမ္မတဘုရှ်က ၂၀၀၃ခုနှစ် မေ ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၇၇၁ ဦးဖြစ်ပြီး၊ ယင်းအနက် ၅၆၅ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၀၆ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

# အီး-လေယာဉ်လက်မှတ်ရောင်းချသည့်စနစ် တရုတ်စင်ကျန်းလေကြောင်းလိုင်း ကျင့်သုံး

**ယူရမ်ကီ ဇူလိုင် ၃၀**

စင်ကျန်း လေကြောင်းလိုင်းဖြင့် ခရီးသွားသူများသည် သောကြာနေ့မှ စတင်ကာ အီလက်ထရွန်နစ် လေယာဉ်လက်မှတ်များကို ဝယ်ယူရန် ရွေးချယ်ကြရဖွယ်ရှိသည်။ ယင်း အီလက်ထရွန်နစ်လေယာဉ်လက်မှတ် ဝယ်ယူရေးစနစ် သည် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများတွင် ခေတ်စားကြောင်း သိရသည်။

စင်ကျန်းလေကြောင်းလိုင်းသည် အီး-လေယာဉ် လက်မှတ်ဝန်ဆောင်မှုစနစ်ကို စတင်ကျင့်သုံးသော ဒုတိယမြောက် တရုတ်လေကြောင်းကုမ္ပဏီဖြစ်သည်။ စင်ကျန်းလေကြောင်းလိုင်း ပြောဆိုချက်အရ လေယာဉ်စီးခရီးသည်များသည် လေယာဉ်လက်မှတ်များကို လက်မှတ်ရောင်းဌာနများသို့ သွားရောက်ဝယ်ရန် မလိုတော့ကြောင်း သိရသည်။ **(အင်တာနက်)**




**ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနခန်းမ၌ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ် မိန့်ခွန်းပြောကြားစဉ်။(သတင်းစဉ်)**

**စာမျက်နှာ ၃ မှ**

ဘင်းမ်စတက်အဖွဲ့သည် အရှေ့တောင်အာရှနှင့် တောင်အာရှနိုင်ငံများအကြား အရေးကြီးသည့် ပေါင်းကူးဆက်သွယ်မှုတစ်ခုဖြစ်သည့် အားလျော်စွာ ဘင်းမ်စတက်ဒေသတွင်း လွတ်လပ်သောကုန်သွယ်မှုဒေသတစ်ရပ် တည်ထောင်နိုင်ခဲ့ခြင်းသည် ဒေသ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခဲ့သည်ဟု ယူဆပါကြောင်း၊ ထို့အပြင် ဘင်းမ်စတက်အဖွဲ့၏ လွတ်လပ်သော ကုန်သွယ်မှုဒေသသည် အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်မားလာအောင် ဆောင်ရွက်ရာတွင် လိုအပ်သည့် တွန်းအားတစ်ရပ်ဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ လွတ်လပ်သော ကုန်သွယ်မှုဒေသ တည်ထောင်နိုင်မှုကြောင့် ကုန်ကျစရိတ်များ သက်သာစေပြီး ဒေသတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကိုလည်း တိုးပွားစေကာ ဒေသတွင်း စွမ်းဆောင်နိုင်မှုကို တိုးမြှင့်စေနိုင်မှာဖြစ်ပါကြောင်း။

## တီအိုအာအပြီးသတ်ပြုစု

မိမိတို့ မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍနှင့်ပတ်သက်ပြီး ဦးဆောင်နိုင်ငံအဖြစ် ဆက်လက် ဆောင်ရွက်ခွင့်ရသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါကြောင်း၊ မိမိတို့အနေဖြင့် ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူခဲ့သည့် ခြောက်နှစ်ကျော်ကာလအတွင်းတွင် မိမိတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ကျွမ်းကျင်သူ အစည်းအဝေးများကို နှစ်စဉ်ကျင်းပခဲ့ပါကြောင်း၊ ထို့အပြင် လုပ်ငန်းဆိုင်ရာကော်မတီများ၊ လုပ်ငန်းအဖွဲ့များကိုလည်း ဖွဲ့စည်းထားရှိပြီး စွမ်းအင်ကဏ္ဍကော်မတီအတွက် ကိုးကားရန်အချက်များ (တီအိုအာ)ကို အပြီးသတ်ပြုစုနိုင်ခဲ့ပါကြောင်း။

ဤနေရာတွင် ပြောကြားလိုသည်မှာ စွမ်းအင်ကဏ္ဍတွင် ရရှိနေသည့် အောင်မြင်မှုများသည် ဘင်းမ်စတက် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကြောင့် ရရှိခဲ့သည်ဆိုသည့်အချက် ဖြစ်ပါကြောင်း။

ဘင်းမ်စတက်အဖွဲ့ကို ဖွဲ့စည်းထူထောင်ပြီး တိုတောင်းသည့် ခုနစ်နှစ်ကျော်သက်တမ်းကာလတွင် မိမိတို့အနေဖြင့် ကဏ္ဍအချို့၌ တိုးတက်မှုများ ရရှိခဲ့သည်ကို တွေ့ကြရမှာဖြစ်ပါကြောင်း၊ ယင်းတိုးတက်မှုများမှာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၌ လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခြင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍ၌ ၂၀၀၄ခုနှစ်အား ဘင်းမ်စတက် ခရီးသွားနှစ်အဖြစ် သတ်မှတ်နိုင်ခြင်းတို့ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍအချို့တွင် အောင်မြင်မှုများ ရရှိနေသကဲ့သို့ အချို့သော ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍများတွင်မူ ပိုမိုပြီး ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ရန်လိုအပ်နေသေးသည်ကို သတိပြုမိရန် လိုအပ်ပါကြောင်း။

ဘင်းမ်စတက်အဖွဲ့ကြီးအနေဖြင့် ပြည်သူများ၏ ဖွံ့ဖြိုးရေးနှင့်တိုးတက်သာယာဝပြောရေးကို အမှန်တကယ် ဆောင်ကြဉ်းပေးနိုင်မည့် အဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်လာစေရန် ယခုထက် ပိုမိုလက်တွေ့ကျကျ ဆောင်ရွက်ရန် လိုအပ်သည်ဟု ခိုင်မြဲစွာ ယုံကြည်ပါကြောင်း၊ ရည်ရွယ်မျှော်မှန်းထားသည့် အောင်မြင်သော ဘင်းမ်စတက်အဖွဲ့ကြီးအဖြစ် ရပ်တည်နိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများ အားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားပါမည်ဟု ကတိပြုပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာရှားဗဟာဒူး ဒူဗားနှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဒမ်ချန်ဒရီကာ ဘန်ဒရာနိုက်ကေးကုမာရာတွန်ဂါတို့က အသီးသီး မိန့်ခွန်းပြောကြားကြပြီး ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

## * ကျောဖုံးမှ

ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် တပည့်ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

### သီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက် ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာသိရီမန္တစံကျောင်းဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များအား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်နှင့် ဒုတိယဝန်ကြီးများက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် တိုက်အုပ်နာယကဆရာတော် မဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကဝိဓဇက ကမ္ဘာအေးတိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်မှ ၁၃၆၅ ခုနှစ်တွင် ဓမ္မာစရိယနှင့် ပထမပြန်စာအောင် သံဃာတော်များအား ပညာရေးဆုချီးမြှင့်မည့်အစီအစဉ်ကိုလည်းကောင်း၊ ကမ္ဘာအေးတိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်မှ နာယကစာချဆရာတော်နှင့် ဒုတိယစာချဆရာတော်များအား ဂုဏ်ပြုဆုချီးမြှင့်မည့် အစီအစဉ်ကို လည်းကောင်း လျှောက်ထားသည်။

### လှူဒါန်း

ယင်းနောက် အခမ်းအနားမှူး ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစံသင်းလှိုင်က ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် စာချဘုန်းတော်ကြီး ငွေပဒေသာပင်အတွက် သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာသာရင်မြတ်-သီဟသုဓမ္မသီဂီ ဒေါ်နွယ်နွယ်အေး၊ သမီး မချောစုမြတ် မိသားစု အင်ကြင်းမြိုင်လမ်းသွယ်(၁) သဃ်န်းကျွန်းမြို့နယ်က ငွေကျပ် ၁၀၀၀၀၀၀၊ ဦးအုန်းဇော်-ဒေါ်အေးအေးမွန်၊ သမီး အိကေခိုင် နဝရတ်ပုံနှိပ်တိုက် နဝရတ်စက္ကူရောင်းဝယ်ရေးနှင့် ဖိတ်စာ ဖြန့်ချိရေးမိသားစု သင်္ဂဟလမ်း ကျောက်မြောင်း တာမွေမြို့နယ်က ငွေကျပ် ၅၀၀၀၀၀၊ အဂ္ဂမဟာသီရိသုဓမ္မသီဂီ ရွှေနေ ဒေါ်ခင်ကြည် လသာလမ်းက ငွေကျပ် ၅၀၀၀၀၀၊အဘဦးငွေဘော်-အမိဒေါ်စန်းရီ၊ အစ်ကို ကိုမျိုးမင်းတို့အား ရည်စူး၍ ကျန်ရစ်သူမိသားစု ဖိုးစိန်လမ်း ဗဟန်းမြို့နယ်က ငွေကျပ် ၅၀၀၀၀၀၊ သီရိသုဓမ္မမဏိဇောတဓရ ဦးစိန်လှဝင်း(စိန်နှင့်စန်းကုမ္ပဏီ)ဖခမည်းတော်ကြီးဦးသောင်းညွန့်အား ရည်စူး၍ တွံ့တေးအရှင်ဣန္ဒက(ဓမ္မကထိက ဗဟုဇနဟိတဓရ)နှင့် မယ်တော်ကြီးဒေါ်လှစိန် သမီးမအေးအေးမြင့် မိသားစုက ငွေကျပ် ၃၀၀၀၀၀၊ ဦးထွန်းထွန်းဦး-ဒေါ်မာမာ၊ သမီး မြတ်ပွင့်ဖြူသင်း မိသားစု ကမ္ဘောဇရိပ်သာ ဗဟန်းမြို့နယ်က ငွေကျပ် ၂၀၀၀၀၀၊ ဒေါက်တာနိုင်ထွဋ်အောင်-ဒေါက်တာဝေဝေရင် သားရန်ငြိမ်းအောင်၊ မိုးမြတ်အောင် မိသားစု၊ ငွေဝတ်မှုန် ရွှေတောင်ကြားရိပ်သာကငွေကျပ် ၂၀၀၀၀၀၊ ဖခင်ကြီးဦးစံအား ရည်စူး၍ မိခင်ကြီးဒေါ်သန်းစိန်အမှူးထား၍ ဒေါ်ခင်မြင့် ဦးစံထမင်းဆိုင်မိသားစု (၇)လမ်း လမ်းမတော်မြို့နယ်က ငွေကျပ် ၁၀၀၀၀၀၊ ဦးလင်းမြင့်-ဒေါ်ခင်ခင်ဝင်း မိသားစု ရွှေစပယ်လမ်း အောင်သိဒ္ဓိ သမိုင်းက ငွေကျပ် ၁၀၀၀၀၀၊ ကိုဝင်းမြင့်နှင့် မောင်နှမများ ဗိုလ်ချုပ်လမ်း ပုဇွန်တောင်မြို့နယ်က ငွေကျပ် ၁၀၀၀၀၀၊ မအေးနန္ဒာ၊ မောင်ကုသိုလ်အောင် (ခေတ္တအမေရိကန်နိုင်ငံ)က ငွေကျပ် ၅၀၀၀၀၊ ဒေါက်တာဒေါ်ဌေးကြည် သားသမီးမြေးတစ်စု သုခဝတီလမ်း ရန်ကင်းမြို့နယ်က ငွေကျပ် ၂၀၀၀၀၊ ဦးဗညားသန်းဟိန်း-ဒေါ်ဝင်းမူတင် မိသားစု သုခဝတီလမ်း ရန်ကင်းမြို့နယ်က ငွေကျပ် ၁၀၀၀၀ နှင့် ဒေါ်လှသွယ်မိသားစုကန်တော်ကလေးက ငွေကျပ် ၁၀၀၀၀ တို့ကို လှူဒါန်းကြကြောင်းကို အလှူရှင်များနှင့် ပရိသတ်တို့က သာဓုအနုမောဒနာ ပြုနိုင်ကြရန် ဖတ်ကြားကြေညာသည်။

ယင်းနောက် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်များ၏ ပဓာန နာယက ကမ္ဘာအေးတိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ (Ph.D) က ရေစက်ချ အနုမောဒနာတရားဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အလှူရှင်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

**★ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၄ခုနှစ်ကို ဘင်းမ်စတက်ခရီးသွားနှစ်အဖြစ် သတ်မှတ်ပြီး အဖွဲ့ဝင်နိုင်ငံများအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုများကို ကြိုဆို။**

**★ မိမိတို့အနေဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် သန္နိဋ္ဌာန်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိနေသကဲ့သို့ တစ်ဖက်တွင်လည်း မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိ။**

**★ ဘင်းမ်စတက်အဖွဲ့အတွင်း လမ်းပန်းဆက်သွယ်မှုများကြောင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုခိုင်မြဲစေပြီး ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းဆိုင်ရာ ကူးလူးယှက်နွယ်မှုများကိုလည်း ပိုမိုခိုင်မာစေမည်။**

**★ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကို စီးပွားရေးအရ အကျိုးဖြစ်ထွန်းစေနိုင်မှာ သာမက ဒေသတွင်းရှိ ကုန်ပစ္စည်းတင်ပို့သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ကူးသန်းရောင်းဝယ်မှုဖြစ်ထွန်းရေးတို့ကိုလည်း များစွာ အထောက်အကူ ဖြစ်စေမည်။**

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဂါရဝပြုတွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၁**

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဆူရာကီရတ် ဆတ်သီရာထိုင်းသည် ဇူလိုင် ၃၁ ရက် နံနက်၇နာရီခွဲတွင် ဗန်ကောက်မြို့ Peninsula Hotel အခန်းအမှတ် ၃၆၀၉ သို့ လာရောက်၍ ဂါရဝပြုတွေ့ဆုံသည်။ **(ယာပုံ)**



**တက်ရောက်**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းတို့ တက်ရောက်ကြသည်။

တွေ့ဆုံအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ **(သတင်းစဉ်)**

## ကံထူးရှင်များထွက်ပေါ်

**ရန်ကုန် ဩဂုတ် ၁**

(၁၈၇)ကြိမ်မြောက် ကျပ် ၅၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

**ကျပ်သိန်း ၃၀၀ အထူးဆု**

ထ–၁၅၃၄၃၁

**ကျပ်သိန်း၅၀ ဆုများ**

ထ – ၇၅၂၃၃၈ မ – ၁၂၃၂၅၆
ဌ – ၂၆၈၄၂၉ အ – ၄၆၁၅၈၄
ဃ – ၇၂၆၉၉၁ ဟ – ၄၈၇၄၈၁
ဝ – ၁၁၉၃၁၃ သ – ၇၆၁၇၃၂
ဏ – ၈၀၉၅၀၄ ကဂ – ၄၀၄၅၀၃

**ကျပ် ၂၅ သိန်းဆုများ**

ဗ – ၉၃၇၁၇၉ က – ၅၀၇၃၃၇
လ – ၅၂၂၁၅၁ သ – ၃၀၁၉၃၄
လ – ၇၇၀၅၂၃ ည – ၃၂၀၄၇၈
န – ၇၉၁၅၁၉ ဝ – ၂၁၂၄၇၄
ရ – ၃၄၈၈၂၅ ဌ – ၇၉၉၃၀၇
ဌ – ၆၂၂၁၇၃ န – ၆၄၃၄၈၆

**ကျပ်သိန်း၅၀(မင်္ဂလာစုံတွဲ)ဆုများ**

ခ – ၃၂၅၇၈၇ တ – ၄၉၅၁၁၃
ကဂ – ၆၉၂၃၂၉ ကဂ – ၁၄၀၇၈၂
ခ – ၇၃၀၆၀၈ ဋ – ၈၄၅၉၁၁
ခ – ၇၆၇၁၈၆ ပ – ၂၀၈၄၁၇
က – ၅၉၆၄၇၈ စ – ၂၅၈၀၈၃
ဆ – ၃၆၆၇၅၆ ရ – ၅၃၀၈၇၇
န – ၉၇၈၆၄၂ အ – ၉၆၉၂၈၅
ခ – ၂၂၇၄၇၀ ပ – ၈၄၁၀၆၃
ဝ – ၈၆၀၃၁၂ ကက – ၇၆၉၅၆၉
ဋ – ၈၂၆၅၁၇

**(သတင်းစဉ်)**

# ရန်ကုန်မြို့ကန်တော်ကြီးဥယျာဉ်အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်လှည့်လည်ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဩဂုတ် ၁

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ် အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (အောက်ပုံ)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နံနက်၁၀နာရီတွင် ရန်ကုန်မြို့ကန်တော်ကြီးဥယျာဉ်အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်း Education Zoneရှိစိုက်ပျိုးရေးပြတိုက်သို့ ရောက်ရှိလာရာ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဇုန်အလိုက်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ကန်တော်ကြီးဥယျာဉ် အဆင့်မြှင့်မွမ်းမံတည်ဆောက်ရေးလုပ်ငန်း ဇုန်အလိုက်တာဝန်ယူဆောင်ရွက်နေကြသော မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇုန်အလိုက် တာဝန်ရှိပုဂ္ဂိုလ်များက ဇုန်အလိုက် ပြုပြင်မွမ်းမံတည်ဆောက်မှုလုပ်ငန်းများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Elephant Plaza သို့သွားရောက် ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေတို့က Elephant Plaza တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကန်တော်ကြီးမြေပဒေသာကျွန်း Education Zone ရှိ ပျိုးဥယျာဉ်အရောင်းဆိုင်များနှင့် ပန်းမန်ပြကွက်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဥယျာဉ်အတွင်း ဆီအုန်းပင်များ၊ ကုံ့ကော်ပင်များ ပိုမိုစိုက်ပျိုးထားရှိရေး၊ ရေကန်အတွင်းမှ ပိုးစားနေသော ကြာပင်၊ ဒိုက်ပင်များ ရှင်းလင်းထားရှိရေးတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဇုန်အတွင်းရှိ Fresh Water Fish Garden တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဥယျာဉ်တည်ဆောက်မှုတာဝန်ရှိပုဂ္ဂိုလ်များက Fresh Water Fish Garden ပုံစံငယ်၊ မိကျောင်းပြကွက်နှင့် ငါးအလှပြကွက်များ တည်ဆောက်နေမှုတို့ကို လှည့်လည်ပြသရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Central Forest Zone သို့ ရောက်ရှိကြပြီး စားသောက်ဆိုင်တည်ဆောက်မှုနှင့် Water Plaza တည်ဆောက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကန်တော်ကြီး Recreation Zoneသို့ ရောက်ရှိကြရာ ဇုန်အတွင်းတည်ဆောက်မှုလုပ်ငန်းများတာဝန်ခံ ဇေကမ္ဘာဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများက Zone အတွင်း ကွန်ကရစ်ဘလောက်တုံးများ ခင်းကျင်းရန်စီစဉ်ထားရှိမှုနမူနာပြကွက်နှင့် ကန်တော်ကြီးအတွင်း အပျော်စီးလှေများ စီစဉ်ထားရှိသည့် လှေဆိပ်နှင့်အပန်းဖြေနေရာ တည်ဆောက်ထားရှိမှုနှင့် တည်ဆောက်မည့်နေရာတို့ကို လှည့်လည်ပြသ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကန်တော်ကြီး Relaxationဇုန်ရှိ ပန်းကန်လုံးကျွန်းနှင့် သီဟဒီပကျွန်း ကျွန်းကူးတံတားများ တည်ဆောက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက လှည့်လည်ပြသ ရှင်းလင်းတင်ပြကြသည်။

**လိုအပ်သည်များမှာကြား**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကန်တော်ကြီးဥယျာဉ်အဆင့်မြှင့် ပြုပြင်တည်ဆောက်ရေးလုပ်ငန်း ဇုန်အလိုက် တာဝန်ရှိပုဂ္ဂိုလ်များအား လိုအပ်သည်များကိုမှာကြားပြီး ကန်တော်ကြီး Relaxation Zone မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

## မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ် (၁၂)ဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၁**

အယ်ဒီတာချုပ် ကိုကို(စက်မှုတက္ကသိုလ်)တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၂)ကိုဖြန့်ချိထားသည်။

ယခုတစ်ပတ်ထုတ် ဂျာနယ်တွင် ရန်ကုန်–မန္တလေးရထားလမ်း အဆင့်မြှင့်ရန် အိန္ဒိယဘဏ်က ဒေါ်လာ ၅၆ သန်းချေးငွေပေး၊ စာရိတ္တနှင့် လောကနီတိ ဘာသာရပ်အသစ် အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ဖြည့်စွက်သင်ကြား၊ မြန်မာ့လယ်ယာထွက်ကုန်မှ မြန်မာ့ဆန်စပါးရောင်းဝယ်မှု မှတ်တမ်းစာအုပ်ထုတ်မည်၊ မြန်မာ–ဘင်္ဂလားဒေ့ရှ်ကြား စာရင်းမှတ်ကုန်သွယ်ရေးနှင့် ကမ်းရိုးတန်းသွားလာရေး ပိုမိုအသက်ဝင်မည်၊ ငါးမန်းနှင့်ပတ်သက်သော ပစ္စည်းများ ဝယ်ယူခွင့် လိုင်စင်ထုတ်ပေးခြင်းကို ရပ်ဆိုင်း၊ မလေးရှားက တရားမဝင်အလုပ်သမား တစ်သန်းကျော်ကို ယခုနှစ်မကုန်မီ နေရပ်ပြန်ပို့မည်၊ ဆမ်ဆောင်း မိုဘိုင်းဖုန်းများ လူကြိုက်များ ကမ္ဘာ့နံပါတ်(၂)ဖြစ်လာ၊ ဈေးနှုန်းချိုတိုက်ဂါးအဲဝေးစ်ဘတ်ဂျက်လေကြောင်းလိုင်းသစ် စင်ကာပူ က စတင်ပျံသန်း၊ စင်ကာပူတွင် နှစ်နာရီကြာ လျှပ်စစ်မီးပြတ်တောက်ခဲ့သဖြင့် စွမ်းအင်စနစ်တစ်ခုလုံးကို ပြန်လည် သုံးသပ်မည်ဟုဆို၊ ကမ္ဘောဒီးယားက ဆန်တစ်မျိုးထိုင်း၏နာမည်ကျော် ဟွမ်မလီဆန်နှင့် ချွတ်စွပ်တူ ထိုင်းဆန် စီးပွားရေးသမားများ စိုးရိမ်သောက ဖြစ်နေကြစသည့် ပြည်တွင်း ပြည်ပစိတ်ဝင်စားဖွယ်ရာ သတင်းများ၊ အပတ်စဉ်ပါနေကျ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်စည်ဒိုင် ဈေးနှုန်းသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ အားလပ်ရက်အပန်းဖြေအညွှန်း၊ နိုင်ငံတကာပညာရေး မိတ်ဆက်ကဏ္ဍများဖြင့် ဝေဝေဆာဆာ ဖော်ပြထားကာ e-Empire Media House ဖုန်း–၇၀၃၈၁၃က ဖြန့်ချိလိုက်သည်။ **(က–ပ)**

## မှတ်သားဖွယ်ရာမိုးရေချိန်

**၃၁–၇–၂၀၀၄**

**ရေးမြို့ ၇ ဒသမ ၁၇ လက်မ**
**ပူတာအိုမြို့ ၄ ဒသမ ၈၄ လက်မ**
**ထားဝယ်မြို့ ၃ ဒသမ ၃၉ လက်မ**
**ဘားအံမြို့ ၃ ဒသမ ၂၇ လက်မ**





နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မဟာဇေယျ အတုလမာရဇိန်ကြေးသွန်းရုပ်ပွားတော်မြတ် ရှေ့မျက်နှာစာရှိ စတီးရွှေလျားတံခါးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# မဟာဇေယျအတုလမာရဇိန်ကြေးသွန်းရုပ်ပွားတော် နတ်လမ်းတံတားဖွင့် ရွှေမျက်ပါးရွှေသင်္ကန်းကပ်လှူပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာကျင်းပ ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်ကြည်ညို၊ ရွှေမိုးငွေမိုးရွာသွန်းဖြိုး

ရန်ကုန် သြဂုတ် ၁

**မဟာဇေယျအတုလမာရဇိန် ကြေးသွန်းရုပ်ပွားတော်မြတ် နတ်လမ်းတံတားဖွင့်ပွဲ၊ စတီးရွှေလျားတံခါးဖွင့်ပွဲ၊ ရွှေမျက်ပါးသင်္ကန်းကပ်လှူပွဲနှင့် ရေစက်ချအလှူတော်အခမ်းအနားကို ယနေ့နံနက်ဧနာရီခွဲမိနစ်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်အရှေ့ဘက် ကြားတောရလမ်းရှိ အဆိုပါကြေးသွန်းရုပ်ပွားတော်မြတ်မုခ်ဦးရှေ့၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညိုသည်။**

အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတိုင်းမှူး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ဝင်များ၊ တိ–နိသာသနာပြု ဥပဋ္ဌာကအဖွဲ့ဝင်များ၊ သာသနာ့ အလံကိုင်အဖွဲ့၊ တီးကြားထီးတော်တင်အဖွဲ့၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။



မဟာဇေယျအတုလမာရဇိန် ကြေးသွန်း ရုပ်ပွားတော်မြတ် နတ်လမ်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

အခမ်းအနားပထမပိုင်းအစီအစဉ်အဖြစ် မဟာဇေယျ အတုလမာရဇိန် ကြေးသွန်းရုပ်ပွားတော်မြတ် နတ်လမ်းတံတားဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ အခမ်းအနားမှူးအဖြစ် သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစံသင်းလှိုင်က အခမ်းအနား အစီအစဉ်များကိုဖတ်ကြားပြီး မင်းသားနန်းဝင်းက ဦးအောင်တင်ဝင်း(ဘီအေ) ရေးသားစပ်ဆိုသော အခမ်းအနားဖွင့် မင်္ဂလာကေပိုဒ်ရတုကို မြန်မာပြည်ကျောက်စိမ်း မင်္ဂလာဆိုင်းအဖွဲ့နှင့် တွဲဖက်၍ သီဆိုပူဇော်သည်။

### ရွှေကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ မဟာဇေယျအတုလ မာရဇိန်ကြေးသွန်း ရုပ်ပွားတော်မြတ် ထာဝရဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင့်ဆန်းနှင့် နတ်လမ်းတံတားအလှူရှင် ဦးထွန်းအေးတို့က ကြေးသွန်းရုပ်ပွားတော် မြတ် နတ်လမ်းတံတားကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်အဖြစ် စတီးရွှေလျား တံခါးဖွင့်ပွဲနှင့် ရွှေမျက်ပါး သင်္ကန်း တော်ကပ်လှူပွဲ အခမ်းအနားကိုကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကြေးသွန်းရုပ်ပွားတော်မြတ် ရှေ့မျက်နှာစာရှိ စတီးရွှေလျားတံခါးကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကမ္ဗည်းမော်ကွန်းစာကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဟာဇေယျ အတုလမာရဇိန် ကြေးသွန်းရုပ်ပွားတော်မြတ်အား ရွှေမျက်ပါးသင်္ကန်းတော်များကို ကပ်လှူပူဇော်သည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များက ဂန္ဓကုဋိတိုက်အတွင်းရှိ ကြေးသွန်းရုပ်ပွားတော်မြတ်အားပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ဆက်လက်၍ အခမ်းအနား တတိယပိုင်း အစီအစဉ်အဖြစ် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင် သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟသ်ာ သီရိမန္တ စံကျောင်း ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဗဟန်း အောင်မြေဘုံစံကျောင်း ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာ ဘိဝံသတို့ အမှူးပြုသော ဆရာတော် သံဃာတော်များကြွရောက်တော်မူကြ ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။



နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် ရွှေတိဂုံစေတီတော် ရင်ပြင်တော် တနင်္ဂနွေထောင့်တွင် ဆေးမြတ်တော်ဝင် ဆင်သမန္ဒယ် (ဆင်တုံးမနွယ်)ပင်စိုက်ပျိုးလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ ဆင်သမန္ဒယ် (ဆင်တုံးမနွယ်)ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင် သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု ရွှေဟသ်ာ သီရိမန္တ စံကျောင်းဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသ ဆရာတော်ကြီးထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီးဆရာတော်ကြီးများက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

### ဝါဆိုသင်္ကန်းကပ်

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေကျင်နိကာယ တွဲဖက်သာသနာပိုင် ဆရာတော်ကြီးနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်ကြီးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းသည်။

ဆက်လက်၍ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

### အလှူငွေပေး

ဆက်လက်၍ အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ ACE ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာ သီဟသုဓမ္မ မဏိဇောတဓရ စက်မှုစီးပွားထူးချွန်(ပထမဆင့်)ဦးတင့်ဆန်း၊ ဇနီး ဒေါက်တာဌေးဌေးငြိမ်းတို့က ငွေကျပ် ၄၆၄၀၅၅၀၊ ဦးထွန်းအေး–ဒေါ်နီနီဝင်း အမှတ်(၇) ယုဇနလမ်း မင်္ဂလာတောင်ညွန့်က ငွေကျပ် ၄၁၀၀၀၀၀၊ ဦးမျိုးဝင်း (စတီးဘရားသားကုမ္ပဏီ)က ငွေကျပ် ၁၀၀၀၀၀၀၊ ဦးရေချမ်း–ဒေါ်ယုတင်မိုး၊ သမီးအိခိုင်မိုးမိသားစုက ငွေကျပ် ၁၀၀၀၀၀၀၊ သမားတော်ကြီးဦးဘိုကြီး(သီရိသုဓမ္မ မဏိဇောတဓရ)–ဒေါ်သန်းသန်းက ငွေကျပ်၇၀၀၀၀၀၊ တီးကြားဦးသန်းလှက ငွေကျပ် ၆၀၀၀၀၀၊ ဒေါ်လွန်းဌေးအမှတ်၄၆(ဘီ)ဖိုးစိန်လမ်း ရန်ကုန်က ငွေကျပ် ၅၀၀၀၀၀၊ ဒေါ်တင့်တင့်(ဖြိုးလင်းကုမ္ပဏီ) မိသားစုက ငွေကျပ် ၂၀၀၀၀၀၊ ဂေးလဘတ် ကေဟိုး (ဦးကျော်မြင့်)–စန်စန်ဟိုး (ဒေါ်စန်းစန်း)မိသားစုက ငွေကျပ် ၁၃၀၀၀၀၊ မြန်မာမှုကြေးပန်းတဉ်း ပညာရှင်ဦးသံချောင်း–ဒေါ်တင်စိန် မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ဦးလှိုင်ရည်–ဒေါ်မြငွေ (ငွေပိုင် ရေချိုပုစွန်သားဖောက်ကုမ္ပဏီ)က ငွေကျပ်၂၀၀၀၀၀၊ ရဟန်းရှင်လူအများပြည်သူကောင်းမှု ငွေကျပ် ၃၁၉၄၅၅၀တို့ကို ပေးအပ်လှူဒါန်းကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်ကလက်ခံကာ အလှူရှင်များအား အနုမောဒနာ ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းသာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစံသင်းလှိုင်က မင်္ဂလာသြဘာစာကို ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံကျောင်းဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ ဆရာတော်ကြီးထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များနှင့် အလှူရှင်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ် ရတနာရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးသည်။

*စာမျက်နှာ ၁၃ ကော်လံ ၃*

# မြန်မာနိုင်ငံတွင်ဇီဝဓာတ်ငွေ့အသုံးပြုရေးစက်ရုံတည်ဆောက်နိုင်၍အားရကျေနပ် ရှေ့သို့တစ်ဆင့်အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်သွားရန်ကတိကဝတ်ပြု

## လွတ်လပ်သောကုန်သွယ်မှုဒေသထူထောင်ရေးညှိနှိုင်းဆွေးနွေးပွဲအချိန်မီပြီးရေးသဘောတူ

❐ ရှေ့ဖုံးမှ

ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှားဗဟာဒူး ဒူဗား၊ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဒမ်ချန်ဒရိကာဘန်ဒရာနိုက်ကေး ကုမာရာတွန်ဂါ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ သက်ဆင်ရှင်နာဝပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

### ရင်းရင်းနှီးနှီးဆွေးနွေး

အဆိုပါအလွတ်သဘော အစည်းအဝေးတွင် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများသည် ဒေသတွင်းခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ရေလုပ်ငန်း၊ တိုင်းရင်းဆေးဝါးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပွင့်လင်းရင်းနှီးစွာ ဆွေးနွေးကြသည်။

ထို့နောက် ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းကို အတည်ပြုခဲ့ကြသည်။

### အစည်းအဝေးကြေညာစာတမ်း

ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းတွင် အောက်ဖော်ပြပါ အရေးကြီးသည့် အချက်များပါရှိသည်–

- အဖွဲ့၏ အခေါ်အဝေါ်အား ယခုအချိန်မှစတင်ပြီး ဘင်းမ်စတက်(ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော် ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်) [BIMSTEC-Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation] ဟု ပြောင်းလဲခေါ်ဝေါ်ရန် သဘောတူညီခဲ့ကြသည်။
- ဘင်းမ်စတက်၏ယခုတိုင်ရရှိခဲ့သည့် အောင်မြင်မှုများဖြစ်သော ဘင်းမ်စတက် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ရေးဆိုင်ရာ မူဘောင်သဘောတူစာချုပ်ချုပ်ဆိုခြင်း၊ ၂၀၀၄ –၂၀၀၅ ခုနှစ် ဘင်းမ်စတက်ခရီးသွားလာရေးစနစ် စတင်နိုင်ခြင်းနှင့် ခရီးသွားလာရေးအတွက် တစ်နှစ်တာကာလ လုပ်ငန်းအစီအစဉ်ချမှတ်နိုင်ခြင်း၊ ဘင်းမ်စတက် ကုန်သည်ကြီးများအသင်း ထူထောင်ခြင်း၊ ဖူးခက်ကျွန်းတွင် ပထမအကြိမ် ဘင်းမ်စတက်လူငယ်များ ဘောလုံးယှဉ်ပြိုင်ပွဲ ကျင်းပခဲ့ခြင်း၊ ဗန်ကောက်မြို့တွင် ဘင်းမ်စတက်လုပ်ငန်းများအား ပံ့ပိုးဆောင်ရွက်ပေးခြင်းဆိုင်ရာ ဘင်းမ်စတက် ဗဟိုဌာန ဖွဲ့စည်းထူထောင်ခြင်းနှင့် မြန်မာနိုင်ငံတွင် ဇီဝဓာတ်ငွေ့ အသုံးပြုရေး စက်ရုံတည်ဆောက်နိုင်ခဲ့ခြင်းတို့အတွက် အားရကျေနပ်ကြောင်းနှင့် ရှေ့သို့ တစ်ဆင့် အရှိန်အဟုန်တိုးမြှင့်၍ ဆောင်ရွက်သွားရန် ကတိကဝတ် ပြုကြသည်။
- ဘင်းမ်စတက်အဖွဲ့ကြီးမှ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် အထူးသတ်မှတ်ပေးထားသော ကဏ္ဍများဖြစ်သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ စွမ်းအင်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာ၊ ငါးလုပ်ငန်း၊ သိပ္ပံနှင့် နည်းပညာနှင့် ပြည်သူများအကြား ထိတွေ့ဆက်ဆံမှု ကဏ္ဍများတို့တွင် အလေးထားပူးပေါင်းဆောင်ရွက်သွားရန်၊ သို့ရာတွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရာ၌ ယင်းကဏ္ဍများတွင်သာ ကန့်သတ်ဆောင်ရွက်ရန် မဟုတ်ကြောင်း သဘောတူညီကြသည်။
- ဘင်းမ်စတက်အဖွဲ့ကြီး၏ ပူးပေါင်းဆောင်ရွက်မှုများကို ယဉ်ကျေးမှု၊ ပညာရေး၊ လူထုကျန်းမာရေး၊ ဇီဝမျိုးစုံမျိုးကွဲနှင့် မိရိုးဖလာအသိပညာများ ကာကွယ်စောင့်ရှောက်ရေး၊ ကျေးလက်အဖွဲ့အစည်း ဖွံ့ဖြိုး တိုးတက်ရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများဆောင်ရွက်ရေး၊ ဆောက်လုပ်ရေး၊ ပတ်ဝန်း ကျင်ထိန်းသိမ်းရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ဇီဝနည်းပညာ၊ မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာ သုတေသနပြုလုပ်ရေး၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးကဏ္ဍများတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ရေးတို့အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန် သဘောတူညီကြသည်။
- ဘင်းမ်စတက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာများ အပြည့်အဝရရှိရေးအတွက် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများ အချိန်မီပြီးစီးရေးအပါအဝင် လုပ်ဆောင်နိုင်သည့် လုပ်ငန်းများ အားလုံးကို ဆောင်ရွက်သွားကြရန် သဘောတူညီကြသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံစီ၏ အထူးလိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားကြရန်ဖြစ်သည်။
- ဘင်းမ်စတက်၏ အနာဂတ် ပူးပေါင်းဆောင်ရွက်မှုတွင် အဖွဲ့ဝင်နိုင်ငံများအတွင်း ခရီးသွားလာရေးလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့ရေးအတွက် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဲ့သို့သော အဓိကကျသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်သည်ဟု အသိအမှတ်ပြုကြသည်။ သို့ပါ၍ အဖွဲ့ဝင်နိုင်ငံများအတွင်း ကုန်းလမ်းဆက်သွယ်ရေးနှင့်ပတ်သက်၍ ပြုလုပ်လျက်ရှိသည့် ဒေသဆိုင်ရာစီမံကိန်း အဆိုပြုချက်ဆွေးနွေးမှုများ လျင်မြန်စွာ အရှိန်အဟုန်တိုးမြှင့် အကောင်အထည်ဖော်နိုင်ရေးအတွက် အင်အားဖြည့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီကြသည်။
- စွမ်းအင်ကဏ္ဍ၌ စွမ်းအင်ကို စဉ်ဆက်မပြတ်နှင့်အထိရောက်ဆုံး အသုံးပြုနိုင်ရေးကို အားပေးရန်အတွက် ရေနံနှင့် ရေအားလျှပ်စစ်စီမံကိန်းများ၊ လျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့လိုင်းများ ဆက်သွယ်ရေး၊ လောင်စာသုံး စွမ်းအင်ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နည်းပညာများ တိုးတက်ရေးတို့ကို ဆောင်ရွက်ကြရန် သဘောတူညီကြသည်။
- ခရီးသွားလာရေးကဏ္ဍတွင် အဖွဲ့ဝင်နိုင်ငံများ၏ သဘာဝ၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းဆိုင်ရာ ဆွဲဆောင်နိုင်မှု အင်အားများကို အများဆုံးအကျိုးဖြစ်ထွန်းရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန် သဘောတူညီကြသည်။ ထို့အပြင် ဘင်းမ်စတက်နိုင်ငံများအကြား ခရီးသွားလာမှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်မှုတို့ကို အသိအမှတ်ပြုကြသည်။
- စီးပွားရေးလုပ်ငန်းများအတွက် ခရီးသွားလာရေးလွယ်ကူချောမွေ့အောင် ဆောင်ရွက်ရန် သဘောတူညီကြသည်။ ယင်းသို့ပြုလုပ်ရာတွင် ဘင်းမ်စတက်လုပ်ငန်း ခရီးသွားလာရေးကတ်ပြား/ဗီဇာများ စတင်အသုံးပြုရေးကိုလည်း သဘောတူညီကြသည်။
- ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးအခွင့်အလမ်းများကို အပြည့်အဝအသုံးပြုနိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ရှာဖွေဖော်ထုတ်ရန် အားပေးတိုက်တွန်းကြသည်။
- ဘင်းမ်စတက် ပြည်သူများအကြား ထိတွေ့ဆက်ဆံမှု ပိုမိုပြုလုပ်ရေးကို တက်ကြွစွာ တိုးမြှင့်ဆောင်ရွက်ရေးတွင် အဖွဲ့ဝင်နိုင်ငံများ၏ စာနယ်ဇင်းသမားများ၊ ကျောင်းသူကျောင်းသားများနှင့် တက္ကသိုလ်ဌာနများ၊ အားကစားသမားများ အပြန်အလှန် သွားရောက်လည်ပတ်ခြင်းစသည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊ ရုပ်ရှင်ကားများ၊ ရုပ်မြင်သံကြားနှင့် ဂီတအစီအစဉ်များစသည့် အနုပညာနှင့် ဖျော်ဖြေရေးကဏ္ဍများတွင်လည်း အပြန်အလှန်ဖလှယ်မှု ပြုလုပ်ရေးကို အားပေးရန် ဆုံးဖြတ်ကြသည်။
- ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများအားလုံး ညှိနှိုင်းဆောင်ရွက်ရေးအတွက် နိုင်ငံခြားရေး ဝန်ကြီးများအား တာဝန်ပေးအပ်ရန် သဘောတူညီကြသည်။

နောက်တစ်ကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးကို ၂၀၀၆ခုနှစ်တွင် အိန္ဒိယသမ္မတနိုင်ငံ၌ ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။

ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများ၏ အလွတ်သဘောအစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများသည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယထပ်ရှိ ဧည့်ခံခန်းမ၌ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

### ပို့ဆောင်နှုတ်ဆက်

နေ့လယ်စာသုံးဆောင်အပြီးတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများသည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ခေတ္တတည်းခိုသည့် ဟိုတယ်များသို့ ပြန်လည်ထွက်ခွာကြရာ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်က ရင်းနှီးခင်မင်စွာ ပို့ဆောင်နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် Peninsula Hotel သို့ မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် ရောက်ရှိကြသည်။

### ဝန်ထမ်းများဂါရဝပြု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် ဟိုတယ်မှ ပြန်လည်ထွက်ခွာကြရာ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး၏ ဇနီး၊ စစ်သံမှူး၏ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများက ဂါရဝပြု နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Peninsula Hotel မှ ဗန်ကောက်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်အထူးဧည့်ခန်းဆောင်၌ ပို့ဆောင်နှုတ်ဆက်ကြသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Gen. Thammarak Issarangura၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များအား ရင်းနှီးခင်မင်စွာ တွေ့ဆုံနှုတ်ဆက်ကြသည်။

### လက်ဆောင်ပစ္စည်းပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်က လက်ဆောင်ပစ္စည်းကို ဂါရဝပြု ပေးအပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမြင့်၊ စစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်နှင့် တာဝန်ရှိသူများအား နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။ ။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား

၂-၈-၂၀၀၄ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရ ဘိဝံသ၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော် |
| ၇း၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၀ | ၆။ | ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ |
| ၈း၀၅ | ၇။ | ချစ်စရာ့အရွယ် ကကြိုးသွယ် |
| ၈း၁၅ | ၈။ | အရေးပြိုင်ပွဲ |
| ၈း၂၀ | ၉။ | မင်းလုရေလှောင်တမံ |
| ၈း၃၀ | ၁၀။ | International News |
| ၈း၄၅ | ၁၁။ | Let's Go |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | Demonstration Exercises for Correct Pronunciation |
| ၁၆း၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇း၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ) |
| ၁၇း၁၅ | ၆။ | အကပဒေသာ |
| ၁၇း၃၀ | ၇။ | တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း) |
| ၁၇း၄၅ | ၈။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ |
| ၁၇း၅၀ | ၉။ | မြန်မာစာ မြန်မာစကား |
| ၁၈း၀၅ | ၁၀။ | Discovery |
| ၁၈း၁၅ | ၁၁။ | နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“မျောက်မင်းဝူခုန်း”**(အပိုင်း–၁၁) |
| ၁၈း၃၀ | ၁၂။ | ညနေခင်းသတင်း |
| ၁၉း၀၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၁၉း၀၅ | ၁၄။ | စက်မှုစွမ်းအား ခေတ်ကျော်လွှား |
| ၁၉း၁၅ | ၁၅။ | တေးဂီတအစီအစဉ် |
| ၁၉း၃၀ | ၁၆။ | ကျေးလက်ဒေသတစ်ခွင် အလှဆင် |
| ၂၀း၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | နိုင်ငံခြားဇာတ်လမ်းတွဲ **“တစ်ရံရောအခါ”**(အပိုင်း–၉) |
| | ၂၁။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၂။ | အစီအစဉ်ပြီး၏။ |

## ထိခိုက်ဒဏ်ရာ မွမ်းမံသင်တန်းပြုလုပ်မည်

**ရန်ကုန် ဩဂုတ် ၁**

မြန်မာနိုင်ငံဆရာဝန်အသင်း အရိုးရောဂါကုအဖွဲ့က ကြီးမှူး၍ ပြင်ပဆရာဝန်များနှင့် ဆေးရုံကြီးများရှိ ဆရာဝန်များအားလုံးအတွက် ထိခိုက်ဒဏ်ရာ မွမ်းမံသင်တန်းတစ်ခုကို "Common Pitfalls in Musculo Skeletal Trauma"ခေါင်းစဉ်ဖြင့် ဩဂုတ် ၇ရက် (စနေနေ့) နံနက်၈နာရီမှ မွန်းလွဲ ၁နာရီအထိ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(အေ)၌ ကျင်းပသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များနှင့် ဆေးကျောင်းသားများ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဝါတွင်းကာလ တရားဟောကြားပို့ချမည်

**ရန်ကုန် ဩဂုတ် ၁**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အနောက်ခင်မကန်တိုက်တွင် အနန္တဂုဏ်ရည်စည်သာကျောင်း ဆရာတော်ဘဒ္ဒန္တ နာရဒ(စာချဓမ္မကထိက မဟာဓမ္မကထိကဗဟုဇနဟိတဓရ)က ဒုတိယဝါဆိုလပြည့်ကျော် ၅ရက်မှစ၍ ဥပုသ်နေ့မှအပ နေ့စဉ်မွန်းတည့် ၁၂ နာရီမှ ၁နာရီအထိ၊ ဥပုသ်နေ့များ၌ မွန်းလွဲ၁နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က–ပ)**



## မှတ်တမ်းတင် ဓာတ်ပုံရိုက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားအပြီးတွင် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများ၏ အလွတ်သဘောအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)



# ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရအဖွဲ့အကြီးအကဲများ အလွတ်သဘောအစည်းအဝေး၌ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခံခန်းမ၌ နေ့လယ်စာသုံးဆောင်ကြစဉ်။ (သတင်းစဉ်)





ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ခေတ္တတည်းခိုသည့် ဟိုတယ်မှ ပြန်လည်ထွက်ခွာရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၏ ဇနီး၊ စစ်သံမှူး၏ ဇနီး၊ သံရုံးနှင့်စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုများက ဂါရဝပြု နှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ပို့ဆောင် နှုတ်ဆက်



ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ထိုင်းနိုင်ငံ ဗန်ကောက် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ထိုင်းနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် **Gen. Thammarak Issarangura** က ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)



## လက်ဆောင်ပစ္စည်းပေးအပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ထိုင်းနိုင်ငံ ဗန်ကောက် အပြည်ပြည်ဆိုင်ရာ လေဆိပ် အထူးဧည့်ခန်းဆောင်၌ ပို့ဆောင်နှုတ်ဆက်ကြသည့် ထိုင်းနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် **Gen. Thammarak Issarangura** နှင့်အဖွဲ့အား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

(သတင်းစဉ်)

# ကလေး၏အသက် ၆ လအထိ
# မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါ

မိခင်နို့ တိုက်ကျွေးခြင်းသည် ကလေးသူငယ်များ အသက်ရှင်သန်ရေး၊ ကျန်းမာရေး၊ ကြီးထွားဖွံ့ဖြိုးရေးတို့အတွက် အလွန်အရေးကြီးသဖြင့် မိခင်နို့ တိုက်ကျွေးရေး လှုပ်ရှားမှုများကို နှစ်စဉ် ဩဂုတ်လပထမပတ်အတွင်း ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၁၂၀ ကျော်၌ ကျင်းပလျက်ရှိသည်။ ယခုနှစ် မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်၏ဆောင်ပုဒ်မှာ (Exclusive Breastfeeding: the Gold Standard- Safe, Sound and Sustainable) ဟူ၍ ဖြစ်သည်။ **"လုံခြုံပြည့်ဝ စိတ်ချရေး၊ မိခင်နို့(တစ်မျိုးတည်း)သာ တိုက်ကျွေးပေး"**ဟု မြန်မာမှု ပြုထားသည်။ ရောဂါကင်း၍ ကျန်းမာစေခြင်း၊ အာဟာရပြည့်ဝခြင်း၊ ရေရှည် စိတ်ချလက်ချ တိုက်ကျွေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကြောင့် မွေးစမှ အသက် ၆ လအထိ ရင်သွေးအား မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု ဆိုလိုသည်။

**မြန်မာမိခင်များသည် ရင်သွေးကို မိမိရင်မှဖြစ်သော နို့ချိုသာတိုက်ကျွေးလိုကြ၏။ မွေးကင်းစအရွယ် ကလေးငယ်အား နှစ်သိမ့်ကြည်နူးစွာ နို့ချိုတိုက်ကျွေးနေသော မိခင်၏မျက်နှာတွင် ရင်သွေးအား အစာအာဟာရကိုသာမက ချစ်ခြင်းမေတ္တာကိုပါ ပေးနေသည့်ခံစားမှုကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။ သားသမီးများကလည်း ကြီးမားသည့် အမေ့ကျေးဇူးများအနက် နို့ချိုတိုက်ကျွေးခဲ့သည့်ကျေးဇူးကို အထူးအလေးအနက်ထားကြသည်။ ဤအချက်များသည်ပင် မြန်မာနိုင်ငံ၌ မိခင်နို့တိုက်ကျွေးသည့်အစဉ်အလာ ဆက်လက်ထွန်းကားနေခြင်း၏ အခြေခံကျသော အကြောင်းတရားများ ဖြစ်လေသည်။**

ယဉ်ကျေးမှု ဓလေ့ထုံးစံအရ မိခင်နို့တိုက်ကျွေးခြင်းကို တန်ဖိုးထားတတ်ကြသည့် မြန်မာမိခင်များအနေနှင့် သိပ္ပံနည်းကျ ဗဟုသုတများကို သိရှိထားပါက မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများကို ရင်သွေးငယ်ရော မိခင်ပါ အပြည့်အဝ ခံစားနိုင်ကြမည်ဖြစ်သည်။

### မိခင်နို့ မှန်ကန်စွာတိုက်ကျွေးခြင်း

မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများကို အပြည့်အဝခံစားနိုင်ကြစေရန် လိုက်နာအပ်သည့် အချက်(၃)ချက်ရှိသည်။ ယင်းတို့မှာ-

(၁) မီးဖွားပြီး တစ်နာရီအတွင်း စောနိုင်သမျှစောစွာ မိခင်နို့တိုက်ကျွေးခြင်း၊
(၂) မွေးစမှ အသက် ၆ လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးခြင်းနှင့်
(၃) အသက် ၆ လ ပြည့်ပြီးသည့်နောက်တွင် ထမင်းနှင့်အခြား အာဟာရပြည့်ဝသည့် ဖြည့်စွက်စာများကိုကျွေးရင်း မိခင်နို့ကို အသက် နှစ်နှစ်ကျော်သည်အထိ ဆက်လက်တိုက်ကျွေးခြင်းတို့ ဖြစ်သည်။

ပထမအချက်တွင် တင်ပြထားသည့်အတိုင်း မိခင်နို့ကို မီးဖွားပြီး တစ်နာရီအတွင်း စောနိုင်သမျှစောစွာ တိုက်ကျွေးခြင်းသည် ရင်သွေးငယ်အား နို့ဦးရည်ကို အပြည့်အဝ သောက်စို့ခွင့်ပေးခြင်းပင် ဖြစ်သည်။ မီးဖွားပြီး ပထမတစ်ရက်၊ နှစ်ရက်အတွင်းထွက်သည့် နို့(နို့ဦးရည်)တွင် အာဟာရဓာတ်များ ကြွယ်ဝသည့်အပြင် ရောဂါအမျိုးမျိုးကို ခုခံကာကွယ်နိုင်သည့် ကိုယ်ခံစွမ်းအားဓာတ်များလည်း ပါရှိသဖြင့် ရင်သွေးငယ်၏ဘဝတွင် ပထမဆုံးသော ရောဂါကာကွယ်ဆေး၊ အသက်ရှည်ဆေးဟူ၍ပင် တင်စားနိုင်ပေသည်။

မိခင်နို့ကို မီးဖွားပြီးတစ်နာရီအတွင်း စောနိုင်သမျှစောစွာ တိုက်ကျွေးခြင်းသည် မိခင်၏သားအိမ်ကျုံ့အားကို ကောင်းစေသည့် (Oxytocin) ခေါ် ဟော်မုန်းဓာတ် ထုတ်လုပ်ခြင်းကိုလည်း အားပေးသဖြင့် မိခင်သည် မီးဖွားပြီး သွေးသွန်ခြင်း အန္တရာယ်မှ ကင်းဝေးနိုင်ပေသည်။ ကျန်းမာရေးဝန်ထမ်းများ၏ ပညာပေး စောင့်ရှောက်မှုကြောင့် မီးဖွားပြီးတစ်နာရီအတွင်း စောနိုင်သမျှစောစွာ မိခင်နို့ တိုက်ကျွေးသည့်ဓလေ့၊ နို့ဦးရည်တိုက်ကျွေးသည့် ဓလေ့များ ထွန်းကားပြန့်ပွားနေသည်ကို အားရဖွယ်ရာ တွေ့မြင်နေရသည်။

မိခင်နို့သည် ၆ လအောက်ကလေးအတွက် လိုအပ်သည့်အာဟာရဓာတ်များအားလုံးကို လည်းကောင်း၊ အသက် ၆ လမှ ၁၁ လအရွယ် ကလေးအတွက် လိုအပ်သည့် အာဟာရဓာတ်များ၏ တစ်ဝက်ကိုလည်းကောင်း၊ အသက် ၁ နှစ်မှ ၂ နှစ်အရွယ် ကလေးအတွက် လိုအပ်သည့် အာဟာရဓာတ်များ၏ သုံးပုံတစ်ပုံကိုလည်းကောင်း ဖြည့်ဆည်းပေးနိုင်၏။ ရင်သွေးငယ်အား အသက် ၂ နှစ်အထိ မိခင်နို့ဆက်လက်တိုက်ကျွေးခြင်းသည် အာဟာရပြည့်ဝရေး အတွက် စရိတ်အနည်းဆုံးနှင့် စိတ်အချရဆုံး အစာကျွေးနည်းပင် ဖြစ်ပေသည်။

**ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်**

**World Breastfeeding Week**

(၁-၈-၂၀၀၄ မှ ၇-၈-၂၀၀၄)

လုံခြုံပြည့်ဝ စိတ်ချရေး

မိခင်နို့(တစ်မျိုးတည်း)သာ တိုက်ကျွေးပေး

Exclusive Breastfeeding: the Gold Standard

Safe,Sound, Sustainable

**ကျန်းမာရေးဝန်ကြီးဌာန**

တတိယအချက်တွင် တင်ပြထားသည့်အတိုင်း မိခင်နို့ကို ကလေး၏အသက်-၂ နှစ်ကျော်သည်အထိ ဆက်လက်တိုက်ကျွေးခြင်းသည် မြန်မာ့လူနေမှု အသိုင်းအဝိုင်းတွင် ထူးဆန်းသည့်ဓလေ့ မဟုတ်ပေ။ နောက်ထပ် သားသမီးမရမချင်း ကလေး၏အသက် ၂ နှစ်ကျော် ၃ နှစ်အထိ နို့တိုက်ကျွေးနေသည့် မိခင်များကို နေရာအနှံ့အပြားတွင် တွေ့မြင်နိုင်သည်။

မီးဖွားပြီးတစ်နာရီအတွင်း စောနိုင်သမျှစောစွာ မိခင်နို့တိုက်ကျွေးခြင်း၊ ကလေး၏အသက် ၂ နှစ်(ကျော်)အထိ မိခင်နို့ဆက်လက်တိုက်ကျွေးခြင်းတို့၏ အကျိုးကျေးဇူးများကို ကောင်းစွာနားလည်သဘောပေါက်သဖြင့် လိုက်နာကျင့်သုံးကြသည့် မိခင်အများအပြားသည် အသက် ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါဆိုသည့် အကြံပြုချက်ကိုမူ လိုက်နာရန် ခက်ခဲနေကြကြောင်း တွေ့နေရသည်။ ထိုမိခင်များတွင်-

(၁) မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါဆိုသည့် စကား၏အဓိပ္ပာယ်ကို ဂဃနဏ သဘောမပေါက်သည့်မိခင်များ၊
(၂) မိခင်နို့၏ အာဟာရတန်ဖိုးကို မသိသဖြင့် ထမင်း သို့မဟုတ် တစ်ခုခု ကျွေးမှဖြစ်မည်ဟု ထင်နေသောမိခင်များ၊
(၃) မိခင်သည် နို့ကောင်းကောင်းမထွက်ဟု ထင်ပြီး စိတ်ပူနေသော မိခင်များ၊

**ဒေါက်တာလှကြည်**

(၄) မိခင်နို့မှတစ်ပါး အခြားနို့များ၊ အရည်များ၊ အဖတ်များ တိုက်ကျွေးခြင်း၏ အန္တရာယ်ကိုမသိသော မိခင်များပါဝင်သည်။

ဤဆောင်းပါးတွင် အထက်ပါအချက် လေးချက်ကို ရှင်းလင်းတင်ပြပါမည်။

### မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါ

မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါဆိုသည့် စကား၏အဓိပ္ပာယ်ကို မိခင်အချို့သည် ဂဃနဏ သဘောမပေါက်ကြကြောင်း တွေ့ရ၏။ မိခင်နို့ တစ်မျိုးတည်းတိုက်ရန် သေသေချာချာ မှာကြားထားသော မိခင်အား "ကလေးကို အမေနို့တစ်မျိုးတည်း တိုက်တယ်နော်" ဟု စစ်ဆေးမေးမြန်းလျှင် "ဟုတ်ကဲ့၊ အမေနို့တစ်မျိုးတည်းတိုက်ပါတယ်" ဟု ဖြေပြီး၊ "တခြားဘာမှ မကျွေးဘူးမဟုတ်လား၊ ထမင်းလည်း မခွံ့ဘူးနော်" ဟု ဆက်၍မေးသည့်အခါတွင်မူ "ထမင်းတော့ ခွံ့ပါတယ်"ဟု ဖြေတတ်သူများကို မကြာခဏ ကြုံတွေ့ရသည်။ သူတို့ထင်နေကြသည်မှာ မိခင်နို့၊ နွားနို့၊ ဆိတ်နို့၊ နို့မှုန့်၊ နို့ဆီစသည့် နို့အမျိုးမျိုးရှိသည့်အနက် မိခင်နို့ တစ်မျိုးသာ တိုက်ရန်၊ အခြားနို့များမတိုက်ရန် တားမြစ်ခြင်းသာဖြစ်သည်၊ တားမြစ်ချက်တွင် ထမင်းမပါဟု ထင်နေကြသည်။ အကယ်စင်စစ် ကျန်းမာရေးဝန်ထမ်းများ ပညာပေးတိုက်တွန်းပြောကြားနေကြသည့် မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါဆိုသော စကား၏အဓိပ္ပာယ်မှာ မိခင်နို့မှလွဲ၍ မည်သည့်အရည်မျှမတိုက်ပါနှင့် မည်သည့်အဖတ်မျှ မကျွေးပါနှင့်ဟု ဆိုလိုသည်။

### မိခင်နို့၏ အာဟာရ

မွေးစမှအသက် ၆ လအထိ ရင်သွေးငယ်အတွက် လိုအပ်သော အာဟာရဓာတ်များ စုံလင်ပြည့်ဝစွာ ပါဝင်သည့်တစ်မျိုးတည်းသောအစာမှာ မိခင်နို့သာ ဖြစ်၏။ အခြားမည်သည့် အစားအစာတွင်မျှ ယင်းကဲ့သို့ အာဟာရဓာတ်များ စုံလင်ပြည့်ဝစွာ မပါဝင်ပေ။ အသက် ၆ လအောက် ကလေးအား နို့မှုန့်တိုက်ခြင်း၊ ထမင်းခွံ့ခြင်း၊ အာဟာရမှုန့်ကျွေးခြင်း၊ ငှက်ပျောသီးကျွေးခြင်း တို့သည် မိခင်နို့ရှိပါလျက် မိခင်နို့လောက်မကောင်းသော အစာများကို အစားထိုး၍ ကျွေးသည့်သဘော ဖြစ်နေသည်။ မိခင်နို့လောက်မကောင်းသော အစာများဖြင့် ဗိုက်ပြည့်နေသည့်ကလေးသည် မိခင်နို့ကို များများမစို့နိုင်တော့သဖြင့် နို့အထွက်လည်း နည်းသွားနိုင်သည်။ ထမင်း၊ အာဟာရမှုန့်၊ ငှက်ပျောသီး၊ ကြက်ဥစသည့် အစာများကို ကလေး၏အသက် ၆ လ ပြည့်ပြီးမှသာ မိခင်နို့နှင့်အတူ ဖြည့်စွက်စာအဖြစ် ကျွေးသင့်ပါသည်။

မိခင်နို့တွင် ရင်သွေးငယ်များ စံချိန်မီကြီးထွားဖွံ့ဖြိုးစေနိုင်သည့် ပရိုတင်း (Protein)ဓာတ်၊ အင်အားဖြစ်စေသည့် အဆီဓာတ်နှင့် သကြားဓာတ်များ လုံ လောက်စွာပါဝင်နေသည်။ နွားနို့၊ ဆိတ်နို့ စသည့် တိရစ္ဆာန်နို့များတွင် ယင်းအာဟာရ ဓာတ်များပါဝင်သော်လည်း ပရိုတင်းဓာတ်ပမာဏမှာ များလွန်းသဖြင့် ကလေး၏ ကျောက်ကပ်ကို အန္တရာယ်ပေးနိုင်ပါသည်။ ထို့ပြင် မိခင်နို့သည် ရင်သွေးငယ်အတွက်အစာကြေလွယ်၏။ နွားနို့၊ ဆိတ်နို့စသည့် တိရစ္ဆာန်နို့များနှင့် ထမင်းကို အသက် ၆ လအောက် ကလေးငယ်သည် ကောင်းစွာ အစာမချေနိုင်ပေ။

မိခင်နို့တွင် ဗီတာမင်နှင့်သတ္တုဓာတ်များလည်းပါဝင်နေ၏။ မိခင်နို့တွင် ပါဝင်သည့် ဗီတာမင်နှင့် သတ္တုဓာတ်များ၏ပမာဏသည် မိခင်စားသုံးသည့် အစာအာဟာရပေါ်တွင် မူတည်သည်။ မိခင်နို့တွင် အာဟာရဓာတ်များ စုံလင်ပြည့်ဝစွာ ပါဝင်စေရန် မိခင်သည် အစားအစာအမျိုးမျိုးကို စုံလင်စွာ စားသုံး သင့်၏။ နို့တိုက်မိခင်သည် အစားအစာများကို အထူးရှောင်စရာမလိုပါ။ သန့်ရှင်းလတ်ဆတ်သည့် အစာအမျိုးမျိုးကို ခါတိုင်းကဲ့သို့ပင် စားသုံးသင့်ပါသည်။

### ကလေးနို့မဝမှာ စိတ်မပူပါနှင့်

မိခင်တိုင်းလိုလိုသည် ရင်သွေးငယ်တစ်ယောက်ကို နို့ဝအောင်တိုက်နိုင်ပါသည်။ အကယ်စင်စစ် မိခင်တစ်ယောက်သည် အမွှာကလေးနှစ်ယောက်ကိုပင် နို့ဝအောင်တိုက်နိုင်စွမ်းရှိ၏။ ရင်သွေးကို နို့ဝအောင်မတိုက်နိုင်သော မိခင် ရှားပါးသလောက် မိမိကိုယ်မိမိ နို့ကောင်းကောင်းမထွက်ဘူးဟု ထင်နေသော မိခင် အလွန်များသည်ကို တွေ့ရသည်။ ကလေးကို ခဏခဏ နို့တိုက်ခြင်း၊ အချိန်ကြာကြာတိုက်ခြင်း၊ နေ့ရောညပါ မိခင်နို့ တစ်မျိုးတည်းတိုက်ခြင်းတို့သည် နို့ထွက်များစေရန် သေချာသော နည်းများဖြစ်၏။ မိခင်ကိုယ်တိုင်က မိမိသည် ရင်သွေးကို နို့ဝအောင်တိုက်နိုင်သည်ဟု ယုံကြည်စိတ်မွေးခြင်း၊ အိမ်သူအိမ်သားများကလည်း နို့ထွက်ကောင်းကြောင်း အားပေးစကား ပြောခြင်းတို့သည် နို့ထွက်များစေရန် များစွာအထောက်အကူ ပြုသည်။

ကလေးကို နို့ဘူးတွဲ၍တိုက်လျှင်ဖြစ်စေ ခြောက်လအောက် ကလေးကို အခြားအရည်အဖတ်များ တိုက်ကျွေးလျှင်ဖြစ်စေ မိခင်နို့ထွက် နည်းသွားပါလိမ့်မည်။ မိမိကိုယ်မိမိ နို့များများ မထွက်ဘူးဟု ထင်နေခြင်း၊ အိမ်သူအိမ်သားများက နို့ကောင်းကောင်းမထွက်ဘူးဟု ထင်မြင်ချက်ပေးခြင်းတို့ကြောင့် စိတ်ပူနေလျှင် နို့ထွက်အမှန်တကယ် နည်းသွားနိုင်သည်။

### မိခင်နို့နှင့် ကလေးကျန်းမာရေး

မိခင်၏ရင်မှ ထွက်လာသော နို့ရည်သည် သန့်ရှင်း၏။ ရောဂါပိုးမွှားကင်းစင်၏။ ထို့ကြောင့် မိခင်နို့ကိုသောက်စို့ရသော ရင်သွေးငယ်များတွင် ဝမ်းပျက်၊ ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါများ ဖြစ်ပွားလေ့မရှိပေ။ နို့ဘူးတိုက်သော ကလေး အသက် ၆လ မတိုင်မီ ထမင်း၊ အဖတ်အမျိုးမျိုးနှင့် အရည်အမျိုးမျိုး တိုက်ကျွေးသော ကလေးများသည် အစာမသန့်ရှင်းခြင်း၊ရေမသန့်ရှင်းခြင်း၊ ဇွန်း၊ ပန်းကန်များ မသန့်ရှင်းခြင်း၊ အစာကျွေးသူ၏ တစ်ကိုယ်ရည်သန့်ရှင်းမှု အားနည်းခြင်းတို့ကြောင့် ဝမ်းပျက်၊ ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါများဖြစ်ပြီး အသက်အန္တရာယ်ပင် ကြုံတွေ့ရတတ်သည်။

မြန်မာမိခင်များသည် ရင်သွေးကို မိမိရင်မှဖြစ်သော နို့ချိုသာတိုက်ကျွေးလိုကြ၏။ မွေးကင်းစအရွယ် ကလေးငယ်အား နှစ်သိမ့်ကြည်နူးစွာ နို့ချိုတိုက်ကျွေးနေသော မိခင်၏ မျက်နှာတွင် အစာအာဟာရကိုသာမက ချစ်ခြင်းမေတ္တာကိုပါ ပေးနေသည့် ခံစားမှုကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။ သားသမီးများကလည်း ကြီးမားသည့် အမေ့ကျေးဇူးများအနက် နို့ချိုတိုက်ကျွေးခဲ့သည့်ကျေးဇူးကို အထူးအလေးအနက်ထားကြသည်။ ဤအချက်များသည်ပင် မြန်မာနိုင်ငံ၌ မိခင်နို့တိုက်ကျွေးသည့်အစဉ်အလာ ဆက်လက်ထွန်းကားနေခြင်း၏ အခြေခံကျသော အကြောင်းတရားများ ဖြစ်လေသည်။

မိခင်နို့သည် ကလေးကို ရောဂါအမျိုးမျိုး၏ အန္တရာယ်မှ ခုခံကာကွယ်ပေးနိုင်သည့် ကိုယ်ခံစွမ်းအား ဓာတ်များလည်း ကြွယ်ဝ၏။ နို့ဘူးတိုက်သော ကလေး အသက် ၆ လ မတိုင်မီ ထမင်း၊အဖတ်အမျိုးမျိုးနှင့် အရည်အမျိုးမျိုး တိုက်ကျွေးသော ကလေးများသည် မိခင်နို့တစ်မျိုးတည်း သောက်စို့ရသည့် ကလေးများလောက် ကိုယ်ခံစွမ်းအားမကောင်းသဖြင့် ဝမ်းပျက်၊ ဝမ်းလျှော ရောဂါအပြင် အသက်ရှူ လမ်းကြောင်းရောဂါ စသည့်အခြားရောဂါများ၏ အန္တရာယ်ကိုလည်း ပို၍ကြုံတွေ့ရတတ်သည်။ ထို့ပြင် ထိုကလေးများသည် နို့ပွေး၊ ပန်းနာရင်ကျပ် စသည့် ဓာတ်မတည့်သော (Allergy)ရောဂါများလည်း ပို၍ခံစားရတတ်ကြောင်း သိရသည်။

### ကျန်းမာရေးဝန်ထမ်းများ၏ အကူအညီကိုယူပါ

မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးလိုပါလျက် ဝန်ထမ်းဖြစ်နေခြင်း၊ ဈေးရောင်းရခြင်း စသည့် အကြောင်းများကြောင့် အခက်အခဲတွေ့သူများအနေနှင့် အဖြစ်နိုင်ဆုံးနှင့် အကောင်းဆုံးနည်းလမ်းကို ကျန်းမာရေးဝန်ထမ်းများထံမှ အကြံဉာဏ်ရယူနိုင်သည်။ ဗိုက်ခွဲ၍မီးဖွားရခြင်း၊ နို့တင်းခြင်း၊ နို့ကြောင်းပိတ်ခြင်း၊ ရင်သားတွင် အနာဖြစ်ခြင်း၊ သာမန်ဖျားနာခြင်းတို့ကြောင့် မိခင်နို့ တိုက်ကျွေးခြင်းကို ရပ်ဆိုင်းပစ်ရန်မလိုပါ။ ကျန်းမာရေးဝန်ထမ်းများ၏ အကူအညီဖြင့် မိခင်နို့ ဆက်လက်တိုက်ကျွေးနိုင်သည်။

ရင်သွေးငယ်များအား အာဟာရပြည့်ဝ ကျန်းမာစေလိုလျှင် မွေးစမှ ၆ လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါ။ ကျန်းမာရေးဝန်ထမ်းများထံမှ အကြံဉာဏ်နှင့် အကူအညီများရယူကြပါဟု တိုက်တွန်းလိုပါသည်။ ။

# မိခင်နို့စနစ်တကျတိုက်ကျွေးသော ဆေးရုံနှင့်မြို့နယ် အသိအမှတ်ဂုဏ်ပြုဆု ကျန်းမာရေးဝန်ကြီး ချီးမြှင့်

ရန်ကုန် ဩဂုတ် ၁

**ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် မိခင်နို့စနစ်တကျတိုက်ကျွေးသော ဆေးရုံနှင့်မြို့နယ်အဖြစ် အသိအမှတ်ဂုဏ်ပြုဆု ချီးမြှင့်သည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက် အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများချီးမြှင့်သည်။**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဂုဏ်ပြုဆုရရှိကြသည့် ပြည်နယ်နှင့်တိုင်းများမှ ကျန်းမာရေးဦးစီးဌာနမှူးများ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carroll C.Long က အမှာစကားပြောကြားသည်။

## ဂုဏ်ပြုဆုချီးမြှင့်

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က မိခင်နို့စနစ်တကျတိုက်ကျွေးသော ဆေးရုံအဖြစ် အသိအမှတ်ဂုဏ်ပြုဆုရရှိသည့် မကွေးတိုင်းမှ ငဖဲမြို့နယ် ပြည်သူ့ဆေးရုံ၊ မြိုင်မြို့နယ် ပြည်သူ့ဆေးရုံနှင့် စကုတိုက်နယ်ဆေးရုံ၊ ရန်ကုန်တိုင်းမှ ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ကျောက်တန်းမြို့နယ် မီးပြတိုက်နယ်ဆေးရုံနှင့် ခရမ်းမြို့နယ် ကမာမတ်တိုက်နယ်ဆေးရုံတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။



မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ မိခင်နို့စနစ်တကျတိုက်ကျွေးသော ဆေးရုံနှင့်မြို့နယ်အဖြစ် အသိအမှတ်ပြုခံရသော ရှမ်းပြည်နယ်(တောင်ပိုင်း)မှ တိုက်နယ်ဆေးရုံများအတွက် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက မိခင်နို့စနစ်တကျ တိုက်ကျွေးသော ဆေးရုံအဖြစ် အသိအမှတ်ဂုဏ်ပြုဆု ရရှိသည့် ကယားပြည်နယ်မှ ဒီမောဆိုမြို့နယ်ပြည်သူ့ဆေးရုံနှင့် ဖရူဆိုမြို့နယ်ပြည်သူ့ဆေးရုံ၊ မန္တလေးတိုင်းမှ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံနှင့် ကျောက်ပန်းတောင်းမြို့နယ် လက်ပံပျားတိုက်နယ်ဆေးရုံတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ပဲခူးတိုင်း(အရှေ့ပိုင်း)မှ ဒိုက်ဦးမြို့နယ် အေးသုခတိုက်နယ်ဆေးရုံနှင့် ဝေါမြို့နယ် မြစ်ကျိုးတိုက်နယ်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ တောင်ကြီးမြို့နယ် အေးသာယာတိုက်နယ်ဆေးရုံနှင့် ရွှေညောင်တိုက်နယ်ဆေးရုံတို့မှ တာဝန်ရှိသူများအား လည်းကောင်း ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms.Carroll C.Long က မိခင်နို့စနစ်တကျ တိုက်ကျွေးသော ဆေးရုံအဖြစ် အသိအမှတ် ဂုဏ်ပြုဆုရရှိသည့်ဧရာဝတီတိုင်းမှ ဝါးခယ်မမြို့နယ် ရွှေလောင်းတိုက်နယ်ဆေးရုံ၊ ကျောင်းကုန်းမြို့နယ် ဒေါင့်ကြီးတိုက်နယ်ဆေးရုံနှင့် ငပုတောမြို့နယ် ဟိုင်းကြီးတိုက်နယ်ဆေးရုံ၊ ချင်းပြည်နယ် ထန်တလန်မြို့နယ် ပြည်သူ့ဆေးရုံတို့မှတာဝန်ရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မိခင်နို့ စနစ်တကျ တိုက်ကျွေးသော မြို့နယ်အဖြစ် အသိအမှတ် ဂုဏ်ပြုဆုရရှိသည့် ကရင်ပြည်နယ် ဘားအံမြို့နယ်၊ ကယားပြည်နယ်မှ လွိုင်ကော်မြို့နယ်နှင့် ဒီမောဆိုမြို့နယ်၊ ပဲခူးတိုင်း(အရှေ့ပိုင်း)မှ ဒိုက်ဦးမြို့နယ်၊ညောင်လေးပင်မြို့နယ်နှင့်ဝေါမြို့နယ်၊ မကွေးတိုင်းမှ မကွေးမြို့နယ်၊ မင်းဘူးမြို့နယ်၊ နတ်မောက်မြို့နယ်နှင့် ချောက်မြို့နယ်၊ မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်၊ ရန်ကုန်တိုင်းမှ တာမွေမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ လမ်းမတော်မြို့နယ်၊ ဒေါပုံမြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်၊ ဧရာဝတီတိုင်းမှ အိမ်မဲမြို့နယ်နှင့် ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ်တို့မှ တာဝန်ရှိသူများအား ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

## မြခိုင်မေတ္တာ

အမိဝမ်းမှ ကျွတ်စချိန်ခါ
နာရီဝက်တွင်း မယွင်းမသွေ
နို့ဦးရည်ကို တိုက်လေကျန
ခြောက်လအထိ အမိနို့ချည်း
တစ်မျိုးတည်းသာ နေ့လည်းညခါ
တိုက်လေပါလျှင် ရောဂါဘယ
ကင်းစင်ပ၍ ဘဝလုံခြုံ
ဖြစ်တုံမက အာဟာရနှင့်
ပြည့်ဝမှန်စွာ အစာစိတ်ချ
ရွှေစံရမို့ မိဘဘိုးဘွား
ပြည်သူအားဖြင့် သားလှသမီး
အပြီးမချို့ မိခင်နို့ကို
သောက်စို့မှန်ဘိ ခြောက်လပြည့်မှ
ကျွေးဘိဖြည့်စွက် အစာဖက်ကာ
ဆက်၍တိုက်ဖြစ် နှစ်နှစ်ကျော်ပိုင်
ကာလတိုင်အောင် မြခိုင်မေတ္တာဆောင်ပါလော့။ ။

**(၂၀၀၄ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ကို ဂုဏ်ပြုကြိုဆိုလျက်)**

**ဒေါက်တာသန်းဦး**




**ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၌ကျင်းပသော ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ လုပ်ငန်းသဘောနေ့လယ်စာစားပွဲနှင့် ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဘင်းမ် စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ လုပ်ငန်းသဘော နေ့လယ်စာစားပွဲနှင့် ညှိနှိုင်းအစည်းအဝေးတက်ရောက်

**ရန်ကုန် ဩဂုတ် ၁**

ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ လုပ်ငန်းသဘော နေ့လယ်စာစားပွဲနှင့် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃၀ရက် မွန်းလွဲ၁နာရီခွဲတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန Vithes Samonsorn ၌ ကျင်းပရာ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် တက်ရောက်သည်။

## တက်ရောက်

အဆိုပါ လုပ်ငန်းသဘော နေ့လယ်စာစားပွဲနှင့် ညှိနှိုင်းအစည်းအဝေးသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အမ်မိုရှက်ခန်း၊ ဘူတန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး လွန်ပိုဂန်ဒူဝန်ချွတ်၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာကေနာတ်ဝါဆင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ပရာကက်ရှ် ရှရန် မဟတ်၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာလာခ် ရှမန်း ကာဒူဂမာ၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ဆူရာကီရတ်ဆတ်သီရာထိုင်းနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန Vithes Samonsorn(3) ခန်းမ၌ လုပ်ငန်းသဘော နေ့လယ်စာကိုအတူတကွ သုံးဆောင်ကြသည်။

## မှတ်တမ်းဓာတ်ပုံရိုက်

လုပ်ငန်းသဘော နေ့လယ်စာသုံးဆောင်အပြီးတွင် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် မှတ်တမ်းတင်ဓာတ်ပုံ စုပေါင်းရိုက်ကြသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးများ၏ ညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

**(သတင်းစဉ်)**

၂၀၀၄-၂၀၀၅ ပညာသင်နှစ်

ပညာ **ကျောင်းကျန်းမာရေးသီတင်းပတ်** ပညာ

၂၀၀၄ ခု၊ ဩဂုတ်လ (၉)ရက်မှ (၁၃)ရက်

အခြေခံပညာကျောင်းအားလုံးပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

# ကျောင်းကျန်းမာရေးသီတင်းပတ် အခြေခံပညာကျောင်းအားလုံးပါဝင်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁

**ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေး နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်း အားလုံးတွင် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုများကို ပညာရေးပြက္ခဒိန်ရေးဆွဲ ဆောင်ရွက်လျက်ရှိသည်။**

**၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် ဩဂုတ်၉ရက်မှ ၁၃ရက်အထိ သတ်မှတ်ထားသဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းကျန်းမာရေး လုပ်ငန်းရပ်များကို ကြပ်မတ်ဆောင်ရွက်သွားကြရန်သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်တိုင်း ၂၀၀၄–၂၀၀၅ ခုနှစ် ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲ၊ တိုင်းအဆင့် စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲနှင့် ၂၀၀၃–၂၀၀၄ ခုနှစ် လယ်ယာကဏ္ဍထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် စပါးခင်းများအတွင်း ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီး ငါးမျိုးများ စိုက်ထည့်ပေးစဉ်။**

**(သတင်းစဉ်)**

● ***ကျောဖုံးမှ***

ရန်ကုန်အနောက်ပိုင်းခရိုင် ကိုယ်စားပြု ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တောင်ပိုင်းခရိုင် ကိုယ်စားပြု ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ သန်လျင်၊ တွံတေး၊ ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ်၊ ရန်ကုန်မြောက်ပိုင်းခရိုင် ကိုယ်စားပြု ရွှေပြည်သာ၊ လှိုင်သာယာ၊ မင်္ဂလာဒုံ၊ ထန်းတပင်၊ မှော်ဘီ၊ လှည်းကူးနှင့် တိုက်ကြီးမြို့နယ်တို့မှ လယ်ယာလုပ်သားများ၊ လှည်းကူးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူလယ်သမားများ၊ စိုက်ပျိုးရေး ကိရိယာများ၊ မြေဩဇာနှင့် လယ်ယာအသုံးအဆောင်များထုတ်လုပ်သည့် လုပ်ငန်းများမှ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင်ယနေ့သည်ရန်ကုန်တိုင်း၏ရေတော်မိုးတော်စပါး ကွင်းပိတ်နိုင်သည့်နေ့ဖြစ်သည့်အတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နေ့ဖြစ်ကြောင်းကို ဦးစွာပထမ ပြောကြားလိုကြောင်း။

**များစွာအားရ**

ရန်ကုန်တိုင်းအနေဖြင့် ၂၀၀၄–၂၀၀၅ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၂သိန်း စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ၁၁ဒသမ၄၅သိန်းအထိ စိုက်ပျိုးပြီး လျာထားချက်အပေါ် ၉၅ ဒသမ ၄၃ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးနေသည်ကို တွေ့ရှိရကြောင်း၊ ယခု မိုးစပါး စိုက်ပျိုးပြီးစီးမှုမှာ ရန်ကုန်တိုင်းအတွင်း စိုက်ပျိုးနိုင်သည့် လယ်မြေဧကများအားလုံးကို စိုက်ပျိုးလုပ်ကိုင်ထားခြင်းဖြစ်ပြီး ရေကျနောက်စိုက် စပါးများ စိုက်ပျိုးရန် ရေကြီးကွင်း၊ ရေနက်ကွင်းများ၌သာ စိုက်ပျိုးရန်ကျန်ရှိနေသေးသည်ကို တွေ့ရှိရကြောင်း၊ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွင်း ကျန်ရှိနေသေးသည့် ရေကြီးကွင်း၊ ရေနက်ကွင်းများတွင် စိုက်ပျိုးကာ ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်သဖြင့် များစွာအားရမိကြောင်း။

လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်သူ တောင်သူလယ်သမားများ အနေဖြင့် မိမိတို့ ထွန်တုံးပိတ်စိုက်ပျိုးပြီးစီးပြီဖြစ်ရာ ပွဲပြီးမီးသေ သဘောမျိုး မထားဘဲ မိမိတို့စိုက်ပျိုးလုပ်ကိုင်ထားသည့် လယ်ယာလုပ်ကွက်များတွင် စိုက်ပျိုးလုပ်ကိုင်ပြီးသည်မှအစပြုပြီး စပါးများ ရိတ်သိမ်းခြွေလှေ့ ပြီးသည်အထိ လယ်ယာလုပ်ငန်း၏ လိုအပ်ချက်များကို အမြဲမပြတ် ဂရုပြုဆောင်ရွက်နေကြရန် ပြောကြားလိုကြောင်း။

**အထူးအလေးထားဆောင်ရွက်**

နိုင်ငံတော်၏ စီးပွားရေးသည် လယ်ယာကဏ္ဍတိုးတက်ဖြစ်ထွန်းမှုအပေါ်တွင် တည်မှီနေကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်အနက် စီးပွားရေးဦးတည်ချက် လေးရပ်တွင် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက် စက်မှုနိုင်ငံထူထောင်ရန် အဓိကလိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအနှံ့ စက်မှုဇုန်များ တည်ထောင်ကာ ပုဂ္ဂလိက စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံထောင့်စုံမှ အကူအညီများ ပေးလျက်ရှိသကဲ့သို့ အသိပညာများ၊ အတတ်ပညာများ တိုးတက်ရရှိရန် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်များ၊ ကောလိပ်များဖွင့်လှစ်ကာ အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးလျက်ရှိကြောင်း။

**ပိုမိုသုံးစွဲဆောင်ရွက်**

ထို့ကြောင့် လက်ရှိနိုင်ငံတော်၏ အနေအထားအရ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ တဖြည်းဖြည်း အသွင်ကူးပြောင်းရေးအတွက် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ဒေသအနှံ့အပြားတွင် လယ်ယာသုံးစက်ကိရိယာများကို သုံးစွဲနေကြသည်ကို တွေ့ရှိရမည် ဖြစ်ကြောင်း၊ ထိုသို့ လယ်ယာလုပ်ငန်းခွင်များတွင် ပျိုးကြဲစိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့သည်အထိ လယ်ယာသုံးစက်ကိရိယာများ သုံးစွဲဆောင်ရွက်ခြင်းဖြင့် အချိန်ကုန်သက်သာပြီး လယ်ယာလုပ်သား သုံးစွဲရမှုနည်းပါးခြင်းနှင့် ကုန်ကျစရိတ်သက်သာခြင်းတို့ကို ရရှိခံစားကြရမည်ဖြစ်သဖြင့် လယ်ယာလုပ်ငန်းသုံးစက်ကိရိယာများကို ပိုမိုသုံးစွဲဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်တစ်ဝန်းလုံး စိုက်ပျိုးထုတ်လုပ်နိုင်မှုကိုကြည့်ပါက ၁၉၆၂–၆၃ခုနှစ်တွင် မိုးစပါးဧက၁၂သန်းနီးပါး စိုက်ပျိုးပြီး စပါးတင်းသန်း၄၀၀ခန့် ထွက်ရှိသည်ကိုတွေ့ရှိရပြီး၊ ၁၉၈၂–၈၃ခုနှစ်တွင် စပါးဧက ၁၂ဒသမ၉ သန်းစိုက်ပျိုးပြီး စပါးအထွက်တင်း သန်း၆၈၀ထွက်ရှိလာသည်ကို တွေ့ရှိရကြောင်း၊ ၂၀၀၁–၂၀၀၂ခုနှစ်တွင် မိုးစပါးဧက၁၃သန်းနှင့် နွေစပါးဧကနှစ်သန်းစိုက်ပျိုးပြီး စပါးအထွက်တင်းသန်းပေါင်း၁၀၅၀ထွက်ရှိကာ ယခင်နှစ် ၂၀၀၃–၂၀၀၄ခုနှစ်တွင် မိုးစပါးဧက ၁၃ဒသမ၄၃သန်းနှင့် နွေစပါးဧက ၃ဒသမ၁၀သန်းစိုက်ပျိုးကာ စပါးအထွက်တင်း သန်းပေါင်း၁၁၅၆တင်းအထိ တိုးတက်ထွက်ရှိလာသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်က စပါးတစ်ဧကတင်း ၁၀၀ထွက်ရှိရေးနှင့် တစ်နိုင်ငံလုံး စပါးတင်းသန်း၁၂၀၀ထွက်ရှိရေးအတွက် ရည်မှန်းထားရာ ရည်မှန်းချက်ပြည့်မီရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် သီးနှံများအထွက်တိုးအောင် ဆောင်ရွက်ရမည့်နည်းလမ်းလေးသွယ်ဖြစ်သည့် စိုက်စနစ်မှန်ကန်အောင် စိုက်ပျိုးရေး၊ သီးနှံအလိုက်အထွက်ကောင်းမျိုးများစိုက်ပျိုးရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက်သဘာဝမြေဩဇာများ ပေါင်းစပ်သုံးစွဲရေးနှင့် ရေတော်မိုးတော်စိုက်ဧကများ တိုးတက်လာအောင် ဆောင်ရွက်ရေးတို့ကို အလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတော်၏ တောင်ကုန်းတောင်တန်းများပေါများသည့် ရှမ်းပြည်နယ်ဒေသများတွင် စပါးတစ်ဧကတင်း၁၈၀အထိ ထွက်ရှိနေသည့် အထွက်ကောင်း မျိုးကောင်းမျိုးသန့်များကို အသုံးပြု စိုက်ပျိုးနေကြပြီဖြစ်ရာ ရေ၊ မြေ အခြေအနေပေးသည့် မြေပြန့်ပေါများသောဒေသများတွင် ဒေသနှင့် ကိုက်ညီသည့် စပါးအထွက်ကောင်း မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးသွားကြရန် လိုအပ်ကြောင်း။

ထို့ပြင် နိုင်ငံတော်အနေဖြင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများကို တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်တစ်ဝန်းလုံးတွင် ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများ များစွာကို တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ပေးထားပြီး ဖြစ်ရာ ယင်းတို့မှ ရရှိသည့် စိုက်ပျိုးရေများကို အကျိုးရှိစွာအသုံးပြုပြီး သီးထပ်စွမ်းအားတိုးတက်ရေးအတွက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

နိုင်ငံတော်အစိုးရကပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတို့ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသများသည် နိုင်ငံ၏ လူဦးရေအများဆုံးနေထိုင်ကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ဒေသများဖြစ်ရာ ကျေးလက်ဒေသများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ဒေသနေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားစေရေးအတွက် ကျေးလက်ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် လယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ ဒေသနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်၊ ရန်ကုန်မြောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား အတွင်းရေးမှူး ဦးစိုးမင်းတို့က မိမိတို့ခရိုင်အလိုက် ၂၀၀၄–၂၀၀၅ ခုနှစ် ရေတော်မိုးတော် မိုးစပါးကွင်းပိတ် အစီရင်ခံစာများကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ပေးအပ်ကြသည်။

**မျိုးစေ့ချစွမ်းရည်ပြိုင်**

ထို့နောက် ပြိုင်ပွဲကျင်းပရေး ကော်မတီဒိုင်ချုပ် ရန်ကုန်တိုင်း မြေစာရင်းဦးစီးဌာနမှူး ဦးကျင်ထွန်းက ပြိုင်ပွဲ အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲကိုအချက်ပေး၍ စတင်ဖွင့်လှစ်ပေးလိုက်ရာ မြို့နယ်များအလိုက် ပြိုင်ပွဲဝင် လယ်ယာလုပ်သားအဖွဲ့များက တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပန်းတိုင်အထွက်နှုန်းထွက်ရှိသည့် စပါးမျိုးများယှဉ်ပြိုင်စမ်းသပ်ကွက်၊ ရေကျောက်ခက်(အဇိုလာ)မွေးမြူထားရှိမှု၊ ခေတ်သစ်ဘောင်စနစ်ဖြင့် ပျိုးထောင်နည်း၊ စပါးခေါင်နှံဖြင့် မျိုးသန့်ပွားများနည်း၊ "တစ်နှံမှတစ်ကွင်း၊ တစ်ကွင်းမှ တစ်နိုင်ငံ မျိုးပွားအောင်ကြဲ"စိုက်ကွက်၊ကြိုးတန်းဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်းစိုက်ကွက်၊ မြေတွင်းတည်ရှိသော အာဟာရဓာတ်များ စမ်းသပ်ကွက်၊ ပင်ပွားကောင်းစေရန် ပျိုးသက်ငယ် ပျိုးပင်များအားကောက်ကွက်ကျဲကျဲဖြင့် စမ်းသပ်စိုက်ပျိုးထားသည့် စမ်းသပ်ကွက်၊ စက်ဖြင့်မျိုးစေ့ချစိုက်ပျိုး ဖြစ်ထွန်းနေသည့် စပါးစိုက်ခင်း၊ ကောက်စိုက်သမများက လက်ဖြင့် ကောက်စိုက်နေမှု၊ လယ်ကွက်အတွင်း သဘာဝမြေဩဇာ ကြဲပက်နေမှု၊ E.M ဖြင့် ကောက်ရိုးနှင့် ဗေဒါများကို E.M ဘိုကာရှီ မြေဩဇာ ပြုလုပ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

**ငါးမျိုးစိုက်ထည့်**

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါနှင့် အဖွဲ့ဝင်များသည် **"မြေမှာစပါး၊ ရေမှာငါး၊ စိုက်မွေးအားထားပြည့်စီးပွား"**ဟူသည့် ဆောင်ပုဒ်နှင့်အညီ ရွှေဝါငါးကြင်း ကောင်ရေ သုံးသောင်းနှင့် ငါးခုံးမကြီး ကောင်ရေ နှစ်သောင်းတို့ကို စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်ပေးကြသည်။

**ဆုများချီးမြှင့်**

ယင်းနောက် ရန်ကုန်တိုင်း ၂၀၀၄–၂၀၀၅ခုနှစ် လယ်ယာကဏ္ဍထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ခြင်း အစီအစဉ်ကို ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၃–၂၀၀၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် လယ်ယာကဏ္ဍဘက်စုံထူးချွန် မြို့နယ်ဆုရလှည်းကူးမြို့နယ်အတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ၂၀၀၃–၂၀၀၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု ဗဟိုအဆင့် တတိယဆုရ ကျောက်တန်းမြို့နယ်အတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ၂၀၀၃–၂၀၀၄ခုနှစ် နွေစပါးစိုက်ပျိုးထုတ်လုပ်မှု ဗဟိုအဆင့်တတိယဆုရ ထန်းတပင်မြို့နယ်နှင့် ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါက ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု ဗဟိုအဆင့် ထူးချွန်ဆုရ သုံးခွမြို့နယ်များအတွက် သက်ဆိုင်ရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများထံ ဆုများချီးမြှင့်ကြသည်။

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက ၂၀၀၃–၂၀၀၄ခုနှစ်ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် မိုးစပါးသီးနှံ ထူးချွန်လယ်သမားဆုရ ကျောက်တန်းမြို့နယ် အရှေ့ပိုင်းရပ်ကွက်မှ ဦးလှဝင်း၊ ပဲတီစိမ်းသီးနှံထူးချွန် လယ်သမားဆုရ ခရမ်းမြို့နယ် အုတ်ဖိုကျေးရွာမှ ဦးအေးဟန်၊ နေကြာသီးနှံထူးချွန် လယ်သမားဆုရ ကျောက်တန်းမြို့နယ် ကရင်ချောင်ကျေးရွာမှ ဦးခင်ငြိမ်းတို့အား လည်းကောင်း၊ မြို့နယ်အလိုက် သီးနှံစိုက်စွမ်းအား တတိယဆုရ သုံးခွမြို့နယ်၊ ဒုတိယဆုရ ခရမ်းမြို့နယ်၊ ပထမဆုရ တိုက်ကြီးမြို့နယ်နှင့် မြို့နယ်အလိုက် မိုးစပါးဘဏ်ချေးငွေ ပေးဆပ်နိုင်မှု တတိယဆုရ တွံတေးမြို့နယ်၊ ဒုတိယဆုရ သုံးခွမြို့နယ်၊ ပထမဆုရ လှည်းကူးမြို့နယ်နှင့် မြို့နယ်အလိုက် နွေစပါးဘဏ်ချေးငွေ ပေးဆပ်နိုင်မှုဆုရ လှည်းကူးမြို့နယ်အတွက် သက်ဆိုင်ရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား ဆုများချီးမြှင့်သည်။

ယင်းနောက် တိုင်းအဆင့် စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲအတွက် ဆုချီးမြှင့်ရာ တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးကျင်ထွန်းက နှစ်သိမ့်ဆုရ တိုက်ကြီးမြို့နယ်၊မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်း မန်နေဂျာ ဦးအောင်ဆန်းက တတိယဆုရ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဒုတိယဆုရ ကျောက်တန်းမြို့နယ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပထမဆုရ လှည်းကူးမြို့နယ်တို့မှ သက်ဆိုင်ရာ လယ်ယာလုပ်သားအဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထို့နောက် သက်ဆိုင်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက အခမ်းအနားတွင် ပါဝင်ကူညီခဲ့ကြသော အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် ပုဂ္ဂလိကကုမ္ပဏီတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် စပါးအတန်းလိုက်တိုက်ရိုက်မျိုးစေ့ချ ကိရိယာဖြင့် စပါးမျိုးစေ့ချစိုက်ပျိုးခြင်းသည် လယ်သမားတစ်ဦး တစ်ရက်လျှင် လယ်မြေသုံးဧကအထိ စိုက်ပျိုးနိုင်စွမ်းရှိကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂)၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ မိုးစပါးပန်းတိုင်

***စာမျက်နှာ ၁၃ ကော်လံ ၅***

# အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် ဝါတွင်းဓမ္မာစရိယသင်တန်းဖွင့်မည်

**ရန်ကုန် ဩဂုတ် ၁**

အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် နာယကချုပ်ဆရာတော် ဘဒ္ဒန္တသုစိတာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဝါကျဉယျာဉ်ကျမ်းပြု) အရှင်သူမြတ်သည် ရန်ကုန်တိုင်း ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ရတနာလမ်းမနှင့် စစ်တောင်းလမ်းထောင့်ရှိ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်၌ ၁၃၆၆ခုနှစ် ဝါတွင်းသုံးလ ဓမ္မာစရိယသင်တန်းကို ဝါဆိုလပြည့်ကျော် ၄ရက် (ဩဂုတ် ၄ရက်) ဗုဒ္ဓဟူးနေ့မှစ၍ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၂နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ တစ်ကြိမ် တစ်နေ့လျှင် နှစ်ကြိမ်စီ ဖွင့်လှစ်သင်ကြား ပို့ချမည်ဖြစ်သည်။ တက်ရောက်လိုသည့် သင်တန်းသားများ သင်တန်းဖွင့်လှစ်သည့်နေ့တွင် အဆိုပါဓမ္မာစရိယတက္ကသိုလ်သို့ တစ်ပါတည်းကြွရောက် စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

■ **ကျောဖုံးမှ**

အာရှဖလားကွာတားဖိုင်နယ် ပထမပွဲအဖြစ် တရုတ်နိုင်ငံ ချုံကင်းမြို့ ချုံကင်းအိုလံပစ်စင်တာကွင်း၌ ဇူလိုင် ၃၁ရက်က တောင်ကိုရီးယားနှင့် ဂျော်ဒန်အသင်းတို့ ကစားခဲ့ကြသည်။

## ဂျပန်အသင်း

လက်ရှိအာရှဖလားချန်ပီယံကို ကာကွယ်နိုင်ရန်အတွက် နည်းပြဇစ်ကိုသည် သူ့အသင်းအား ၅း၃း၂ ပုံစံဖြင့်ကစားခိုင်းခဲ့ပြီး **(ဂိုး)**ယိုရှိကတ်ဆူကာဝါဂူချီ၊ **(နောက်တန်း)** မာကိုတိုကာနာကာ၊ တီဆူနီယာဆုမိဟာမိုတို၊ အလီဆန်ဒရိုဆန်တို့စ်၊ အကီရာကာဂျီနှင့် ယူဂျီနာကာဇာဝါတို့ကိုထားပြီး **(အလယ်တန်း)** ဆန်းဆူကီနာကာမူယာ၊ ယာဆူဟီတိုအင်ဒိုနှင့် တာကာရှိ ဖူကူနီရှိတို့ကိုကစားခိုင်းကာ **(ရှေ့တန်း)** တာကာယူကီဆင်ဇူကီးနှင့် ကိုင်ဂျီတာမာဒါတို့အား ထားကာ နေရာချကစားခဲ့သည်။

## ဂျော်ဒန်အသင်း

အာရှ၏ဂရိဟု နာမည်ကြီးခဲ့ပြီး အာရှဖလားအုပ်စုပွဲများတွင် တစ်ဂိုးမှ မပေးခဲ့ရသည့် ခံစစ်အတောင့်တင်းဆုံးသော ဂျော်ဒန်အသင်းကလည်း အီဂျစ်နည်းပြအယ်ရိုဟာရီ၏ စီစဉ်ညွှန်ကြားမှုဖြင့် ၅း၃း၂ပုံစံဖြင့်ပင် ကစားခဲ့ရာတွင် **(ဂိုး)**အမာရှဖိဆာဘတ်၊ **(နောက်တန်း)** ခါလစ်ဆော့ဒ်၊ ရာတက်အယ်အဝါဒက်၊ ဘာဆာဘာနီယာဆင်၊ ဖီဆယ် အီဘရာဟင်နှင့် ဟာတင်အာဂယ်တို့ကို ထားကာ **(အလယ်တန်း)** ဟက်ဆောင်ကာဆင်၊ ကူဆေးအဘူအလစ်နှင့် အဗ္ဗဒူလာအဘူဇီမာတို့နှင့်အတူ **(ရှေ့တန်း)** မက်မော့ရှယ်ဘိတ်နှင့် မိုရာယတ်ဆလမ်တို့ဖြင့် ကစားခဲ့သည်။

## ပယ်နယ်တီကန်သွင်း

ဂျပန်တို့က အနိုင်ရရှိရေး ထိုးဖောက်ကစားသော်လည်း ဂျော်ဒန်ဂိုးသမား လက်စွမ်းပြနိုင်မှုနှင့် ဂျော်ဒန်ခံစစ်ကြောင်းကို ထိုးဖောက်မကစားနိုင်၍ ပွဲချိန်ပြီးသည်အထိ တစ်ဂိုးစီသရေဖြစ်နေရာမှ အချိန်ပိုမိနစ် ၃၀တွင်လည်း ဂိုးမသွင်းနိုင်သဖြင့် ပယ်နယ်တီကန်သွင်းပြီး အဆုံးအဖြတ်ယူခဲ့ကြရသည်။

ပယ်နယ်တီငါးလုံးစီ ပထမဦးစွာ ကန်သွင်းရာ ဂျပန်တို့က သုံးဂိုး၊ ဂျော်ဒန်တို့က သုံးဂိုးစီ ကန်သွင်းနိုင်ကြပြီး သရေဖြစ်လျက်ရှိရာ နောက်ထပ် ပယ်နယ်တီတစ်လုံးစီ ကန်သွင်းရာတွင် ဂျပန်တို့ ဂိုးရရှိအောင် သွင်းနိုင်ခဲ့ပြီး ဂျော်ဒန်တို့ ဂိုးမဝင်သဖြင့် ဂျပန်က ပယ်နယ်တီအပါအဝင် စုစုပေါင်း ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိသွားပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ချန်ပီယံခရီးအဆုံးအထိ ချီတက်ရန် ရည်မှန်းထားသော ဂျော်ဒန်တို့ ကွာတားအဆင့်ကပင် အိမ်လှည့်ပြန်ရပြီ ဖြစ်သည်။

ဂျပန်နှင့် ဂျော်ဒန်တို့ပွဲတွင် အကောင်းဆုံး ဘောလုံးသမားဆုကို ဂျပန်အသင်းမှ ကွင်းလယ်ကစားသမား နာကာမူယာက ဆွတ်ခူးသွားသည်။

## အကြိတ်အနယ်ရှိ

အာရှဖလားကွာတားဖိုင်နယ်အဖြစ် တရုတ်နိုင်ငံ ဂျီနန်မြို့ ရှန်ဒေါင်းစပေါ့စင်တာကွင်း၌ နာမည်ကြီး တောင်ကိုရီးယားနှင့် အီရန်တို့ ယှဉ်ပြိုင်ကစားကြရာ အာရှဖလားချန်ပီယံအဖြစ် ရေပန်းစားနေသော အသင်းများဖြစ်၍ ပွဲမှာအကြိတ်အနယ် ရှိခဲ့သည်။

## တောင်ကိုရီးယားအသင်း

တောင်ကိုရီးယားအသင်းနည်းပြ အွန်ဖရီက ၎င်း၏အသင်းကို **(ဂိုး)** လီဝှမ်ဂျေ **(နောက်တန်း)** ပက်ဂျီကောင်၊ ချိုဂျင်ချူ၊ လီယောင်ပြို၊ လီမင်ဆောင်တို့ကိုထားပြီး **(အလယ်တန်း)**ပက်ဂျင်ဆပ်နှင့် ကင်နန်အီတို့ နှစ်ဦးကို ကစားစေကာ **(ရှေ့တန်း)** ဆိုးလ်ကီအွန်၊ လီဒေါင်ဂွတ်၊ ပက်ဂျီဆန်နှင့် ကင်ကျင်ယုတို့ကိုတင်ပြီး ၄း၂း၄ ပုံစံဖြင့် ကစားခဲ့သည်။

## အီရန်အသင်း

အီရန်အသင်းက ၅း၄း၁ ပုံစံဖြင့် ကစားပြီး **(ဂိုး)**မီဇာပူရာ **(နောက်တန်း)** ဂိုလ်မိုယာမက်ဒီ၊ ဟို့စိန်ကာအီဘိုင်၊ အီဘရာဟင်တာဟီပူရာ၊ ဂျာလယ်ကာမီလီ၊ ဆက်တာဇာရီတို့ကို ပါဝင်ပြီး **(အလယ်တန်း)** မက်ဒီမက်ဒါဗီကီးရာ၊နီကွန်နန်၊အလီကာရီမီနှင့် မိုဟာမက်အယ်ရာဗီတို့ ကစားစေပြီး **(ရှေ့တန်း)** ဝါရင့်တိုက်စစ်မှူး အလီဒါယီက ဦးဆောင်ကစားသည်။

## အီရန်နိုင်

အီရန်တို့ ဂိုးရရှိရေး ထိုးဖောက်ကစားရာ ပွဲချိန် ၇၆မိနစ်တွင်တောင်ကိုရီးယား ဂိုးဧရိယာအစပ် ဘယ်ဘက်မှ ပြစ်ဒဏ်ဘောရရှိပြီး အီရန်တို့ကန်သွင်းသည့်ဘောလုံးကို အီရန်အလယ်တန်း အလီကာရီမီက ပိတ်သွင်းခဲ့၍ အီရန်တို့ အနိုင်ဂိုးရရှိခဲ့ခြင်း ဖြစ်သည်။

တောင်ကိုရီးယားနှင့် အီရန်တို့ပွဲတွင် အကောင်းဆုံး ဘောလုံးသမားဆုကို အီရန်မှ သုံးဂိုးသွင်းပြီး ဟက်ထရစ်ရရှိခဲ့သည့်အလီကာရီမီက ရရှိသွားသည်။

အီရန်သည် နာမည်ကြီးတောင်ကိုရီးယားကိုအနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲကို တက်ရောက်ခဲ့ပြီဖြစ်ရာ လေးကြိမ်မြောက် အာရှဖလားချန်ပီယံ ဖြစ်မဖြစ်ကို စောင့်ကြည့်ရပေတော့မည်။ ။ **(မြန်မာ့အလင်း)**

**စာမျက်နှာ ၇မှ**

အဆိုပါ မဟာဇေယျ အတုလမာရဇိန်ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးအား အများပြည်သူများ ရွှေမျက်ပါး သင်္ကန်းတော် ကပ်လှူနိုင်ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကြေးသွန်းရုပ်ပွားတော်မြတ်မှ ရွှေတိဂုံစေတီတော်ရင်ပြင်တော်သို့ အရှေ့ဘက်စောင်းတန်းလှေကားမှ တက်ရောက်၍ ရွှေတိဂုံစေတီတော်ကြီးအား လက်ယာရစ်လှည့်ပတ်ကြည်ညိုပြီး ဘုရားဖူးပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေတိဂုံစေတီတော်မြောက်ဘက်စောင်းတန်း အနီးတွင် ရာဇာမုနိ အဓိဋ္ဌာန်ဘုရားရုပ်ပွားတော်အား ပန်း၊ရေချမ်း၊ဆီမီးနှင့် အမွှေးနံ့သာတိုင်များဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ကြည်ညိုသည်။

## ဆင်သမန္တယ်စိုက်ပျိုး

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေတိဂုံစေတီရင်ပြင် တနင်္ဂနွေထောင့်၌ ကျင်းပသည့် ဆေးမြတ်တော်ဝင် ဆင်သမန္တယ်(ဆင်တုံးမန္တယ်)ပင်စိုက်ပျိုးလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ ဆင်သမန္တယ်(ဆင်တုံးမန္တယ်)ပင် စိုက်ပျိုးမည့်နေရာ၌ ရတနာရွှေရည်များဖြင့် သွန်းလောင်းပူဇော်ကာ ဆင်သမန္တယ်(ဆင်တုံးမန္တယ်)ပင်ကို စိုက်ပျိုးပေးသည်။

အဆိုပါ ဆေးမြတ်တော်ဝင် ဆင်သမန္တယ် (ဆင်တုံးမန္တယ်)ပင် စိုက်ပျိုးလှူဒါန်းပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဘုရားဖူးလာပြည်သူများတက်ရောက်ကြသည်။

## ရေစင်သွန်းလောင်း

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆေးမြတ်တော်ဝင် ဆင်သမန္တယ်(ဆင်တုံးမန္တယ်)ပင် စိုက်ပျိုးမည့်နေရာ၌ ရွှေငွေရတနာရည်များဖြင့် သွန်းလောင်းပူဇော်ပြီး ဆင်သမန္တယ်(ဆင်တုံးမန္တယ်)ပင်ကို စိုက်ပျိုးပေးကာ ရေစင်သွန်းလောင်းပေးသည်။

ထိုအချိန်တွင် နိုင်ငံတော်ပြက္ခဒိန်အကြံပေးပညာရှင် အခါတော်ပေးဆရာဦးကျော်က စိန္တာမဏိမန္တန်တော်ကို လည်းကောင်း၊ အခမ်းအနားမှူး ရန်ကုန်တိုင်းသာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစံသင်းလှိုင်နှင့် ပရိသတ်တို့က ဇယမင်္ဂလာဗောဓိယာမူလေ အစရှိသော ဇယမင်္ဂလာအောင်ဂါထာများကိုလည်းကောင်း ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေတိဂုံစေတီတော်ကြီးအား ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေတိဂုံစေတီတော်ရင်ပြင် တနင်္ဂနွေထောင့် ကျောက်စာရုံအနီး၌ စိုက်ပျိုးထားသည့် ဗန္ဓုရသရက်ပင်ကို ကြည့်ရှုစစ်ဆေးပြီး ဆေးမြတ်တော်ဝင် ဆင်သမန္တယ်(ဆင်တုံးမန္တယ်)ပင်စိုက်ပျိုးလှူဒါန်းပွဲအခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုး ငွေမိုးရွာသွန်းဖြိုးပေးသည်။

## ဖူးမြော်ကြည်ညို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေတိဂုံစေတီတော်အထက် ပစ္စယာရှိ ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်တို့ဖြင့် ဆက်ကပ်လှူဒါန်းကာ ဖူးမြော်ကြည်ညိုသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်တွင် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

# ပြည်တွင်းကုန်တင်ကုန်ချ စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်

**ရန်ကုန် ဩဂုတ် ၁**

လမ်းမတော်မြို့နယ် ပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံး လက်အောက်ရှိ ဆိပ်ကမ်းနယ်မြေဌာနခွဲ(၁)၊ (၂)၊ (၃)တို့မှ ကာယ ဉာဏအလုပ်သမားများစုပေါင်း၍ ဇူလိုင်၃၁ရက်နံနက်က ဌာနခွဲ(၁)တွင်ကျင်းပရာ ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် အနောက်ကျောင်း ပဓာန နာယကဆရာတော် ဦးသေိကနှင့် ပင့်သံဃာငါးပါးတို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။ **(က-ပ)**



**မဟာဇေယျာ အတုလမာရဇိန်ကြေးသွန်းရုပ်ပွားတော်မြတ် နတ်လမ်းတံတားဖွင့်ပွဲ စတီးရွှေ့လျားတံခါးဖွင့်ပွဲ၊ ရွှေမျက်ပါးသင်္ကန်းကပ်လှူပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားတွင် အလှူရှင် ဦးထွန်းအေး-ဒေါ်နီနီဝင်း (အမှတ် ၇၊ ယုဇနလမ်း၊ မင်္ဂလာတောင်ညွန့်)တို့က အလှူငွေကျပ် ၄၁၀၀၀၀၀ ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် လက်ခံစဉ်။**

**(သတင်းစဉ်)**

**စာမျက်နှာ ၁၂ မှ**

အထွက်နှုန်းရောက်ရှိရေးအတွက် စိုက်ပျိုးနည်းပညာပြခန်း၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြခန်း၊ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန ပြခန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြခန်း၊ ပညာရေးဝန်ကြီးဌာန ပြခန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြခန်း၊ ငါးလုပ်ငန်းဦးစီးဌာန ပြခန်း၊ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ပြခန်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် GECအရောင်းဆိုင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြခန်း၊ စက်မှုလယ်ယာဦးစီးဌာန ပြခန်း၊ ရွှေထည်စက်မှုလယ်ယာပစ္စည်းအရောင်းပြခန်း၊ ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန ပြခန်း၊ ဂွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီလီမိတက်၏ ဒီဇယ်အင်ဂျင်နှင့် လယ်ယာသုံးပစ္စည်း ရောင်းဝယ်ရေး ပြခန်း၊ ရွှေထွန်းကုမ္ပဏီ လီမိတက်၏ ဒီဇယ်အင်ဂျင်နှင့် လယ်ယာသုံးပစ္စည်းများ အရောင်းပြခန်း၊ ရွှေမေတ္တာစွမ်းအားပြည့် ဓာတ်မြေဩဇာအရောင်းပြခန်း၊မက်စ်ပစိဖိတ်ကုမ္ပဏီလီမိတက်၊ နဝရတ်၊ ရွှေရူဝံ ဘက်စုံအာဟာရပြည့် ဓာတ်မြေဩဇာထုတ်လုပ်ရေး ပြခန်း၊ မာလာမြိုင် အင်တာပရိုက်စိုက်ပျိုးရေးသုံးပစ္စည်း အရောင်းပြခန်း၊ (AWBA) မြန်မာဩဘာ၊ အောင်ရတနာဖြိုးကော်မာရှယ် ကုမ္ပဏီလီမိတက်၏ လယ်ယာသုံးပစ္စည်းပြခန်းနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ ဆီအရောင်းဆိုင်ပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

## စိုက်ပျိုးပြီး

ရန်ကုန်တိုင်းအတွင်း ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ဧက ၁၂၀၀၈၀စိုက်ပျိုးနိုင်ရေး လျာထားသတ်မှတ်ထားရာ ယနေ့အထိ မိုးစပါး ၁၁၄၅၂၆၄ ဧကစိုက်ပျိုးပြီး ဖြစ်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၅ ရာခိုင်နှုန်း စိုက်ပျိုးပြီး ဖြစ်သည်။ ရေတော်မိုးတော် မိုးစပါး စိုက်ဧက ၈၇၇၄၃၆ စိုက်ပျိုးနိုင်ရေး လျာထားသတ်မှတ်ထားရာ ယနေ့အထိ ရေတော်မိုးတော် မိုးစပါး ၈၇၈၂၅၆ဧက စိုက်ပျိုးပြီးဖြစ်သည့်အတွက် သတ်မှတ်ဧက ပြည့်မီကျော်လွန်စိုက်ပျိုးပြီးဖြစ်သည်။ စိုက်ပျိုးရန်ကျန်သည့် ၅၄၈၁၆ဧကကို ရေကျနောက်စိုက် စပါးများအဖြစ် ဆက်လက်စိုက်ပျိုးမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရောဝတီ၊ ချင်းတွင်းနှင့် သံလွင်မြစ်ရေအခြေအနေ

**ရန်ကုန် ဩဂုတ် ၁**

ရောဝတီမြစ်ရေသည် အောင်လံမြို့နှင့် ပြည်မြို့တို့တွင် စိုးရိမ်ရေမှတ်များ အထက်တွင် သုံးပေခန့် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်ငါးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ကျဆင်းနိုင်ပြီး ဟင်္သာတမြို့တွင် လက်ရှိရေမှတ်မှ သိသိသာသာ တိုးလာခြင်းမရှိဘဲ ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်ရှိနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် စိုးရိမ်ရေမှတ်များ အထက်တွင် တစ်ပေခန့်ရောက်ရှိပြီး ယနေ့မွန်းတည့်မှ နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

ထို့အတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် စိုးရိမ်ရေမှတ် အထက်တွင် အနည်းငယ်ရှိပြီး ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

# ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်သားမြို့နယ် သစ်တက်ကုန်းရေလှောင်ဆည်စစ်ဆေး သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ရေးမှာကြား

ရန်ကုန် ဩဂုတ် ၁

**မန္တလေးတိုင်း မိတ္ထီလာမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဇူလိုင်၂၈ရက်က မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် တည်ပင်တဲကျေးရွာအနီးရှိ တောင်ရေ ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်သည်။**

တောင်ရေ ရေလှောင်တမံဖွင့်ပွဲအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ကျောက်ပန်းတောင်း–မိတ္ထီလာ–မန္တလေးကားလမ်းကို လည်းကောင်း၊ မြစ်သား–မြင်းခြံကားလမ်းကို လည်းကောင်း လမ်းတစ်လျှောက် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၁နာရီတွင် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ သစ်တက်ကုန်းရေလှောင်ဆည်သို့ ရောက်ရှိကြသည်။

### ရေထိန်းတံခါး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် သစ်တက်ကုန်းရေလှောင်ဆည် တူးမြောင်း ရေထိန်းတံခါးများ ကြံ့ခိုင်မှုအခြေအနေနှင့် ရေလှောင်ဆည်တွင် ရေစီးဝင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သစ်တက်ကုန်းရေလှောင်ဆည် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက သစ်တက်ကုန်းဆည်၏ ရေပေးတူးမြောင်းအား ယခင်တူးမြောင်းဟောင်းနှင့် တစ်ဆက်တစ်စပ်တည်း ထပ်မံ၍ သူငယ်တော်ကုန်းအထိ တိုးချဲ့ဖောက်လုပ်လျက်ရှိရာ ယခုအခါ လေးမိုင်သာကျန်ရှိကြောင်းနှင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းက သစ်တက်ကုန်းရေလှောင်ဆည် တိုးချဲ့တူးမြောင်းဖောက်လုပ်ခြင်းဖြင့် ကျောက်ဆည်မြို့နယ်၊ မြစ်သားမြို့နယ်၊ တံတားဦးမြို့နယ်များအတွင်း တိုးချဲ့စိုက်ပျိုးနိုင်မည့် နွေစပါးဧကများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### မှာကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မူလသတ်မှတ်ထားသော ကာလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ကြရေး၊ မိုးစပါးနှင့် နွေသီးနှံများ ရေပေးဝေနိုင်ရန်အတွက် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ကြရေးနှင့် သတ်မှတ်စိုက်ဧကအပြည့်အဝရရှိစေရန် ဆောင်ရွက်ကြရေး မှာကြားသည်။

အဆိုပါ သစ်တက်ကုန်းရေလှောင်ဆည်သည် စမုံချောင်းမှရေများကို သိုလှောင်ထိန်းသိမ်းထားသော ဆည်တစ်ခုဖြစ်ပြီး အလျားပေ ၄၀၀၊ အမြင့် ၁၂ ပေ ၅ လက်မ၊ ရေထိန်းတံခါးရှက် အမြင့်၄ပေ၅လက်မတို့ အပါအဝင် Broad Crested အတွင်း ကိုယ်ထည် ကျောက်ဖြည့်သံကူကွန်ကရစ်စနစ်ဖြင့် တည်ဆောက်ထားသော ရေပိုလွှဲဆည် တစ်ခုဖြစ်သည်။ ရေဆင်းဧရိယာမှာ ၉၄၉ စတုရန်းမိုင်ဖြစ်ကြောင်း သိရှိရသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပင်မတူးမြောင်းမကြီးမှ လက်တံမြောင်း ဒီဝိုင်(၃)သို့ရောက်ရှိပြီး ဆည်ရေပို့လွှတ်နေမှုနှင့် နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဒီဝိုင်(၃) လက်တံမြောင်းသည် အလျားပေ ၅၄၀၀ ရေစီးရေလာ ၁၂ ကျူးစက်ဖြစ်ပြီး လယ်မြေ ၅၀၆ ဒသမ ၈၁ ဧကတို့ကို စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

### တိုးချဲ့မြောင်းသစ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မဲဇလီချောင်း ရေငုပ်ပြွန်အနီး တိုးချဲ့မြောင်းသစ် တူးဖော်ထားရှိမှုနှင့် စက်ယန္တရားဖြင့်လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဒီဝိုင်(၂၉)လက်တံမြောင်းသို့ရောက်ရှိကြပြီး လက်တံမြောင်းအတွင်းသို့ သစ်တက်ကုန်း ရေလှောင်ဆည် ပင်မတူးမြောင်းမှ ရေပို့လွှတ်နေမှုကိုလည်းကောင်း၊ လက်တံမြောင်း ဝဲယာတို့၌ နွေစပါးဧက ၄၂၀တို့ကို ရေပေးဝေနိုင်ရန် ဆောင်ရွက်ထားရှိမှုနှင့်မိုးစပါးစိုက်ပျိုးရန်ပြင်ဆင်ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သစ်တက်ကုန်း ရေသောက်ဧရိယာ တိုးချဲ့ရေးစီမံကိန်း ယာယီလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ရှေးဦးစွာ တည်ဆောက်ရေး(၇)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက သတ်မှတ်ကာလအမီ ကျန်ရှိသော တိုးချဲ့တူးမြောင်း(၄)မိုင်ပြီးစီးရေးအတွက်စက်ယန္တရားများဖြင့်လုပ်ငန်းဆောင်ရွက်နေမှု၊ လက်ရှိမြောင်းမကြီးချဲ့ထွင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စက်ယန္တရားကြီးများဖြင့် လေယာဉ်ကွင်း အနောက်ဘက်လမ်း၌ သစ်တက်ကုန်းရေလှောင်ဆည် တိုးချဲ့တူးမြောင်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ကန်ချောကျေးရွာ၌ သစ်တက်ကုန်းရေလှောင်ဆည်၏ လက်တံတူးမြောင်း၊ ဒီဝိုင်(၃၀)မှ ဆည်ရေဖြင့် အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

### အဆင့်မြင့်လယ်ယာ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များအား ကျောက်ဆည်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းက အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရေး လုပ်ငန်းခွင် ၌ ပန်းတိုင်အထွက်နှုန်း စပါးတင်း၁၀၀ရရှိရေးအတွက် ရေတော်မိုးတော် လယ်ယာကွက်များ ပေါ်ထွက်လာစေရန် ကြိုးပမ်းဆောင်ရွက်နေမှု၊ လုပ်ငန်းခွင်အတွင်း၌ ကုန်ထုတ်လမ်းများပါ ဖော်ထုတ်မည့်အစီအစဉ်၊ ကျောက်ဆည်ခရိုင်ကို စံပြစက်မှုလယ်ယာခရိုင်အဖြစ် ကြိုးပမ်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာတိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဖြည့်စွက်တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

### ဧရာဝတီမြစ်ရေ

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် ဇူလိုင် ၂၉ ရက်တွင် မန္တလေးမြို့ ကမ်းနားလမ်းတစ်လျှောက် ဧရာဝတီမြစ်ရေတိုးမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**(သတင်းစဉ်)**



**ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ (၃၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ရှိ သံဃာတော်အပါး၁၆၀အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၂၈ရက်က ပတ္တမြားခန်းမ၌ကျင်းပရာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်)ထံ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှမြင့်နှင့် ဆရာ၊ ဆရာမများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

(မြန်မာ့အလင်း)



**အိမ်မဲမြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၂၅ ရက်က တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်း အမှတ်(၆) ဝိုင်းရှိ အိမ်မဲကျောင်းတိုက်၌ ကျင်းပရာ ကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာနေယျ အမှူးရှိသော သံဃာတော်များနှင့် ပင့်သံဃာများအား အသင်းဥက္ကဋ္ဌ ဦးအောင်တင်၊ အတွင်းရေးမှူး ဦးမြင့်စိုးနှင့် အသင်းသူ အသင်းသားများ၊ မြို့နယ်သူမြို့နယ်သားများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)



**ဇူလိုင် ၂၆ရက်က ဘုရားဖြူကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော သုံးထပ်ကျောင်းတော်ကြီးအတွက် နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးအား ဧရာဝဏ်ဆေးတိုက် ဆရာကြီးဦးလှထွန်း–ဒေါ်ခင်ညွှန့်မိသားစုတို့က အလှူတော်ငွေကျပ်သုံးသိန်း ဆက်ကပ်လှူဒါန်းစဉ်။** (က–ဝ)

## ကျေးလက်အိမ်ရာ ဆောက်လုပ်ရေး ကွင်းဆင်းဆောင်ရွက်ပေး

**ရန်ကုန် ဩဂုတ် ၁**

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်အိမ်ရာများ တည်ဆောက်ပေးလျက်ရှိရာ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်အိမ်ရာစုစုပေါင်း ၁၆ လုံး တည် ဆောက်ပေးနိုင်ခဲ့သည်။ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်အိမ်ရာစုစုပေါင်း ၃၆လုံး တည်ဆောက်ပေးရန် လျာထားရာ ဇူလိုင် ၁၅ ရက်က အမှုဆောင်အရာရှိ(လက်ထောက်ညွှန်ကြားရေးမှူး)ဦးမင်းလွင်စိုးသည် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးပိုင်တို့နှင့်အတူ ဂျိုပင်ကျေးရွာသို့ ကျေးလက်အိမ်ရာဆောက်လုပ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးကြောင်းသိရသည်။

**(က–ပ)**

## ကရာတေးဒိုပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုရ မန္တလေးတိုင်း အမျိုးသမီးအသင်းအားဂုဏ်ပြု

**ရန်ကုန် ဩဂုတ် ၁**

၂၀၀၄ခုနှစ်ကိုးကြိမ်မြောက်ပြည်နယ်နှင့်တိုင်း ကရာတေးဒို အမျိုးသမီးပြိုင်ပွဲတွင် ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေးတစ်ခုဖြင့် တံခွန်စိုက်ဒိုင်း ရရှိသော မန္တလေးတိုင်း အမျိုးသမီးအသင်းအား မန္တလေးအသင်း (ရန်ကုန်)က ဂုဏ်ပြုပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကုန်သည်လမ်း အသင်းတိုက် ရတနာခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးအသင်းအားကစားအဖွဲ့ဥက္ကဋ္ဌ ဦးဖေသန်း(ပိဋကတ်တော်)က ဂုဏ်ပြုချီးကျူးစကား ပြောကြားပြီးမန္တလေးအသင်း အတွင်းရေးမှူး ဒေါ်မြင့်မြင့်စိန် (ရွှေမန္တလေး)က အောင်ပွဲရအသင်းအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ် ချီးမြှင့်သည်။

ဆက်လက်၍ မန္တလေးတိုင်း ကရာတေးဒိုအဖွဲ့ခေါင်းဆောင် ဦးဇော်နိုင်(တိုင်းကရာတေးဒို အတွင်းရေးမှူး)က ပြိုင်ပွဲအတွေ့အကြုံများရှင်းလင်းတင်ပြပြီးအားကစားသမားများနှင့် မိတ်ဆက်ပေးကာ ကျေးဇူးတင်စကား ပြောကြားကြောင်းသိရသည်။ **(မြန်မာ့အလင်း)**



**ရထားရဲတပ်ဖွဲ့အမှတ်(၁၂)တပ်ခွဲ (အင်းစိန်) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲကကြီးမှူး၍ ဇူလိုင်၂၇ရက်နံနက်က ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို တပ်ခွဲရုံးခန်းမ၌ ကျင်းပရာ တပ်ခွဲမှူးဒုရဲမှူးအောင်ခိုင်ဦးနှင့် တပ်ခွဲမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်ခင်အင်းတို့က သံဃာတော်များထံ ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)



## ဆက်ကပ်လှူဒါန်း

**စစ်ကိုင်းတောင်ရိုး ဓမ္မစွမ်းရည် မဟာစည်သာသနာ့ရိပ်သာကျောင်း ဆရာတော်နှင့် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ ရေကန် ရေစက်ချပွဲနှင့် ဆွမ်းအလှူတော် မင်္ဂလာအခမ်းအနားကို ဇူလိုင် ၂၃ရက်က အဆိုပါကျောင်းတိုက်တွင်ကျင်းပရာ အလှူရှင် ဦးဟန်မြိုင် - ဒေါ်မေသက်မော်(မော်မော်စန်းထိုးမုန့်)မိသားစုက ဆရာတော် ဘဒ္ဒန္တသီရိန္ဒ ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# မင်းဘူး(စကု)မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်စည်းဝေး၊ အသင်းရှေ့လုပ်ငန်းစဉ်များ ရှင်းလင်း

မင်းဘူး ဇူလိုင် ၂၁

**မင်းဘူး(စကု)မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင်၁၇ရက်က မြို့နယ်ခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားသည်။**

### ရှင်းလင်းမှာကြား

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်မြတ်မွန်က ၂၀၀၃ခုနှစ် လုပ်ငန်း အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းများကို ဖတ်ကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ခင်တိုးမြင့်က အသင်း၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

### တက်ရောက်

အခမ်းအနားသို့ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမျိုးတင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌဦးမြင့်ဦးနှင့်အဖွဲ့ဝင်များ၊ရပ်ကွက်နှင့် ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

## ကျောင်းသစ်ဖွင့်ပွဲကျင်းပ

**ပျဉ်းမနား ဇူလိုင် ၂၅**

ပျဉ်းမနားမြို့ အမှတ်(၃)အခြေခံ ပညာအထက်တန်းကျောင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၁ရက် နံနက် ၈နာရီကကျင်းပရာ ရှေးဦးစွာ ကျောင်းရှေ့တွင် ဗိုလ်မှူးကြီးဝင်းမြင့်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန် တို့က ကျောင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အထက်တန်းကျောင်း ဖွင့်လှစ်ရခြင်းများနှင့် ပတ်သက်၍ ကျောင်းအုပ်ဆရာမကြီးက ရှင်းလင်း ပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်တစ်ဦးက ကျောင်းလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ (၀၉၉)

## (၈၅)ကြိမ်မြောက် သွေးလှူဒါန်း



**ရန်ကုန် ဩဂုတ် ၁**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရေနံနှင့် ဓာတုဗေဒ ပစ္စည်း ဝယ်ယူပို့ဆောင်ရေးဌာနမှ စက်ခန်းမှူး(ပ) ဦးမောင်မောင်အေး **(အပေါ်ပုံ)**သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးလှူဘဏ်၌ (၈၅)ကြိမ်မြောက်သွေးလှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

(၀၈၇)

**နေပြည်တော်မြို့နယ် စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းတို့က မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများ၊ ဈေးမိဈေးဖများ၊ ဈေးမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ ဇူလိုင်၄ရက်က နေပြည်တော်မြို့နယ် မြို့မဈေး အမှိုက်သရိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဈေးအတွင်းအပြင် ရေနုတ်မြောင်းများကို စုပေါင်းတူးဖော်ဆောင်ရွက်ကြစဉ်။** (၀၈၅)



# အထက်မြန်မာနိုင်ငံ ဥပဒေမိသားစု ဂေါက်သီးရိုက်ပြိုင်၊ ဆုချီးမြှင့်

**မန္တလေး ဇူလိုင် ၂၃**

အထက်မြန်မာနိုင်ငံဥပဒေမိသားစု ပထမအကြိမ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မန္တလေးမြို့ မန်းတောင်ဂေါက်ကွင်းတွင်ဇူလိုင် ၁၇ ရက် ညနေ၆နာရီက ကျင်းပရာ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အထက်မြန်မာနိုင်ငံ တရားရုံးချုပ်နှင့် တရားရုံးများမှ တရားသူကြီးများ၊အထက်မြန်မာနိုင်ငံ ရှေ့နေချုပ်ရုံးခွဲနှင့် ဥပဒေရုံးများမှ ဥပဒေအရာရှိများ၊ရှေ့နေကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ပါဝင် ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုများချီးမြှင့်ရာ ရှေ့နေချုပ်ရုံးခွဲ(မန္တလေး)မှ ဒုတိယညွှန်ကြားရေးမှူးဦးလှသိန်းက ပထမဆု၊ တရားရုံးချုပ်ရှေ့နေ ဦးထွန်းကြည်က ဒုတိယဆုများရရှိပြီး ဆုများကို ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးသူ လီယိုကွန်ပျူတာ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က ဆုများပေးအပ်ချီးမြှင့်သည်။ ကျန်ဆုရရှိသူများကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်နှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ကြောင်း သိရသည်။

**(အောက်ပုံ) (က-ပ)**

# အမြို့မြို့ အနယ်နယ် သတင်းများ



**မော်လမြိုင်ကျွန်းမြို့နယ် နယ်မြေခံ တပ်ရင်းမှ နိုင်ငံသား အရည်အချင်း ပြည့်မီသူများကို နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇူလိုင် ၇ရက်က ကျင်းပရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်လွင်က ဗိုလ်မှူးစောမြင့်သို့ နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။** (၀၉၇)

## စုပေါင်းသစ်စေ့ကြဲပွဲတော်နှင့် သစ်ပင်စိုက်ပွဲတော်ကျင်းပ

**နွားထိုးကြီး ဇူလိုင် ၁၅**

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်စုပေါင်း သစ်စေ့ကြဲ ပွဲတော်နှင့် စုပေါင်း သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၃ ရက် နံနက်၇နာရီက ပြင်စည်မြို့ရှိ မန္တလေး-မြင်းခြံ မော်တော်ကားလမ်းဘေး ဝဲယာတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် မြို့နယ် အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များမှ အဖွဲ့ဝင်များက သပြေသာကျေးရွာ၊ ခက်လန်းကျေးရွာနှင့် မြင်းခြံ၊ မန္တလေးကားလမ်းဘေး ဝဲယာတွင် သီးပင်စားပင် စုစုပေါင်း ၅၀၀၀ကို တပျော်တပါး စိုက်ပျိုးကြသည်။သစ်စေ့ကြဲပက်ခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်းတို့ကို မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးခင်မောင်သန်း၊တောအုပ် ဦးကြည်စိုးနှင့်သစ်တောဝန်ထမ်းများက အနီးကပ် ကူညီဆောင်ရွက်ပေးကြသည်။ (၂၁၃)



**ဇူလိုင်၂၅ရက်က ဧရာဝတီတိုင်းစည်ပင်သာယာ ရေး အဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးတင်အောင် ငွေ နှင့် တာဝန်ရှိသူများ ဇလွန်မြို့နယ် အတွင်းရေလဲချောင်းကြီး ကျေးလက်ကျောက်ချောလမ်းခင်းရန်ကွင်းဆင်းကြည့်ရှုစဉ်။**
(မြို့နယ်စည်ပင်)





**သံဖြူဇရပ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် ဆရာဆရာမနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ရက်က ကျင်းပရာ လက်ထောက်ပြည်နယ်ပညာရေးမှူး (စစ်ဆေးရေး)ဦးထွန်းရီနှင့် မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးတို့ ကြည့်ရှုအားပေးကြစဉ်။** (က-ပ)



**ဇူလိုင် ၁၅ရက်က ရွှေဘိုမြို့ကို မြို့တော်အဂ္ဂါရပ်နှင့်အညီ ခေတ်မီစေရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ရန်ကြီးအောင်လမ်း(လမ်းလေးခွမှကျုံးအရှေ့ထိပ်ထိ)တွင် ရောင်ပြန်တုံးများ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

# အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် ဝါတွင်းဓမ္မာစရိယသင်တန်းဖွင့်မည်

**ရန်ကုန် ဩဂုတ် ၁**

အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် နာယကချုပ်ဆရာတော် ဘဒ္ဒန္တ သုစိတာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဝါကျူဥယျာဥ်ကျမ်းပြု) အရှင်သူမြတ်သည် ရန်ကုန်တိုင်း ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ရတနာလမ်းမနှင့် စစ်တောင်းလမ်းထောင့်ရှိ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်၌ ၁၃၆၆ခုနှစ် ဝါတွင်းသုံးလ ဓမ္မာစရိယသင်တန်းကို ဝါဆိုလပြည့်ကျော် ၄ရက် (ဩဂုတ် ၄ရက်) ဗုဒ္ဓဟူးနေ့မှစ၍ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၂နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ တစ်ကြိမ် တစ်နေ့လျှင် နှစ်ကြိမ်စီ ဖွင့်လှစ်သင်ကြား ပို့ချမည်ဖြစ်သည်။ တက်ရောက်လိုသည့် သင်တန်းသားများ သင်တန်းဖွင့်လှစ်သည့်နေ့တွင် အဆိုပါဓမ္မာစရိယတက္ကသိုလ်သို့ တစ်ပါတည်းကြွရောက် စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

■ **ကျောဖုံးမှ**

အာရှဖလားကွာတားဖိုင်နယ် ပထမပွဲအဖြစ် တရုတ်နိုင်ငံ ချုံကင်းမြို့ ချုံကင်းအိုလံပစ်စင်တာကွင်း၌ ဇူလိုင် ၃၁ရက်က တောင်ကိုရီးယားနှင့် ဂျော်ဒန်အသင်းတို့ ကစားခဲ့ကြသည်။

## ဂျပန်အသင်း

လက်ရှိအာရှဖလားချန်ပီယံကို ကာကွယ်နိုင်ရန်အတွက် နည်းပြဇစ်ကိုသည် သူ့အသင်းအား ၅း၃း၂ ပုံစံဖြင့်ကစားခိုင်းခဲ့ပြီး **(ဂိုး)**ယိုရှိကတ်ဆုကာဝါဂူချိ၊ **(နောက်တန်း)** မာကိုတိုကာနာကာ၊ တီဆူနီယာဆုမီဟာမိုတို၊ အလီဆန်ဒရိုဆန်တို့စ်၊ အကီရာကာဂျီနှင့် ယူဂျီနာကာဇာဝါတို့ကိုထားပြီး **(အလယ်တန်း)** ဆန်းဆူကီနာကာမူယာ၊ ယာဆူဟီတိုအင်ဒိုနှင့် တာကာရှိဖူကူနီရှိတို့ကိုကစားခိုင်းကာ **(ရှေ့တန်း)** တာကာယူကီဆင်ဇူကီးနှင့် ကိုင်ဂျီတာမာဒါတို့အား ထားကာ နေရာချကစားခဲ့သည်။

## ဂျော်ဒန်အသင်း

အာရှ၏ဂရိဟု နာမည်ကြီးခဲ့ပြီး အာရှဖလားအုပ်စုပွဲများတွင် တစ်ဂိုးမှ မပေးခဲ့ရသည့် ခံစစ်အတောင့်တင်းဆုံးသော ဂျော်ဒန်အသင်းကလည်း အီဂျစ်နည်းပြအယ်ရိုဟာရီ၏ စီစဉ်ညွှန်ကြားမှုဖြင့် ၅း၃း၂ပုံစံဖြင့်ပင် ကစားခဲ့ရာတွင် **(ဂိုး)**အမာရှဖီဆာဘတ်၊ **(နောက်တန်း)** ခါလစ်ဆော့ဒ်၊ ရာတက်အယ်အဝါဒက်၊ ဘာဆာဘာနီယာဆင်၊ ဖိဆယ် အီဘရာဟင်နှင့် ဟာတင်အာဂယ်တို့ကို ထားကာ **(အလယ်တန်း)** ဟက်ဆောင်ကာဆင်၊ ကူဆေးအဘူအလစ်နှင့် အဗ္ဗဒူလာအဘူဇိမာတို့နှင့်အတူ **(ရှေ့တန်း)** မက်မော့ရှယ်ဘိတ်နှင့် မိုရာယတ်ဆလမ်တို့ဖြင့် ကစားခဲ့သည်။

## ပယ်နယ်တီကန်သွင်း

ဂျပန်တို့က အနိုင်ရရှိရေး ထိုးဖောက်ကစားသော်လည်း ဂျော်ဒန်ဂိုးသမားလက်စွမ်းပြနိုင်မှုနှင့် ဂျော်ဒန်ခံစစ်ကြောင်းကို ထိုးဖောက်မကစားနိုင်၍ ပွဲချိန်ပြီးသည်အထိ တစ်ဂိုးစီသရေဖြစ်နေရာမှ အချိန်ပိုမိနစ် ၃၀တွင်လည်း ဂိုးမသွင်းနိုင်သဖြင့် ပယ်နယ်တီကန်သွင်းပြီး အဆုံးအဖြတ်ယူခဲ့ကြရသည်။

ပယ်နယ်တီငါးလုံးစီ ပထမဦးစွာ ကန်သွင်းရာ ဂျပန်တို့က သုံးဂိုး၊ ဂျော်ဒန်တို့က သုံးဂိုးစီ ကန်သွင်းနိုင်ကြပြီး သရေဖြစ်လျက်ရှိရာ နောက်ထပ်ပယ်နယ်တီတစ်လုံးစီ ကန်သွင်းရာတွင် ဂျပန်တို့ ဂိုးရရှိအောင် သွင်းနိုင်ခဲ့ပြီး ဂျော်ဒန်တို့ ဂိုးမဝင်သဖြင့် ဂျပန်က ပယ်နယ်တီအပါအဝင် စုစုပေါင်း ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိသွားပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ချန်ပီယံခရီးအဆုံးအထိ ချီတက်ရန် ရည်မှန်းထားသော ဂျော်ဒန်တို့ ကွာတားအဆင့်ကပင် အိမ်လှည့်ပြန်ရပြီ ဖြစ်သည်။

ဂျပန်နှင့် ဂျော်ဒန်တို့ပွဲတွင် အကောင်းဆုံး ဘောလုံးသမားဆုကို ဂျပန်အသင်းမှ ကွင်းလယ်ကစားသမား နာကာမူယာက ဆွတ်ခူးသွားသည်။

## အကြိတ်အနယ်ရှိ

အာရှဖလားကွာတားဖိုင်နယ်အဖြစ် တရုတ်နိုင်ငံ ဂျီနန်မြို့ ရှန်ဒေါင်းစပေါ့စင်တာကွင်း၌ နာမည်ကြီး တောင်ကိုရီးယားနှင့် အီရန်တို့ ယှဉ်ပြိုင်ကစားကြရာ အာရှဖလားချန်ပီယံအဖြစ် ရေပန်းစားနေသော အသင်းများဖြစ်၍ ပွဲမှာအကြိတ်အနယ် ရှိခဲ့သည်။

## တောင်ကိုရီးယားအသင်း

တောင်ကိုရီးယားအသင်းနည်းပြ အွန်ဖရီက ၎င်း၏အသင်းကို **(ဂိုး)** လီဝုမ်ဂျေ **(နောက်တန်း)** ပက်ဂျီကောင်၊ ချိုဂျင်ချူ၊ လီယောင်ပြို၊ လီမင်ဆောင်တို့ကိုထားပြီး **(အလယ်တန်း)**ပက်ဂျင်ဆပ်နှင့် ကင်နန်အီတို့ နှစ်ဦးကို ကစားစေကာ **(ရှေ့တန်း)** ဆိုးလ်ကီအွန်၊ လီဒေါင်ဂွတ်၊ ပက်ဂျီဆန်နှင့် ကင်ကျင်ယုတို့ကိုတင်ပြီး ၄း၂း၄ ပုံစံဖြင့် ကစားခဲ့သည်။

## အီရန်အသင်း

အီရန်အသင်းက ၅း၄း၁ ပုံစံဖြင့် ကစားပြီး **(ဂိုး)**မီဇာပူရာ **(နောက်တန်း)** ဂိုလ်မိုယာမက်ဒီ၊ ဟို့စိန်ကာအီဘိုင်၊ အီဘရာဟင်တာဟီပူရာ၊ ဂျာလယ်ကာမီလီ၊ ဆက်တာဇာရီတို့ကို ပါဝင်ပြီး **(အလယ်တန်း)** မက်ဒီမက်ဒါဗီကီးရာ၊နီကွန်နန်၊အလီကာရီမီနှင့် မိုဟာမက်အယ်ရာဗီတို့ ကစားစေပြီး **(ရှေ့တန်း)** ဝါရင့်တိုက်စစ်မှူး အလီဒါယီက ဦးဆောင်ကစားသည်။

## အီရန်နိုင်

အီရန်တို့ ဂိုးရရှိရေး ထိုးဖောက်ကစားရာ ပွဲချိန် ၇၆မိနစ်တွင်တောင်ကိုရီးယား ဂိုးဇရိယာအစပ် ဘယ်ဘက်မှ ပြစ်ဒဏ်ဘောရရှိပြီး အီရန်တို့ကန်သွင်းသည့်ဘောလုံးကို အီရန်အလယ်တန်း အလီကာရီမီက ပိတ်သွင်းခဲ့၍ အီရန်တို့ အနိုင်ဂိုးရရှိခဲ့ခြင်း ဖြစ်သည်။

တောင်ကိုရီးယားနှင့် အီရန်တို့ပွဲတွင် အကောင်းဆုံး ဘောလုံးသမားဆုကို အီရန်မှ သုံးဂိုးသွင်းပြီး ဟက်ထရစ်ရရှိခဲ့သည့်အလီကာရီမီက ရရှိသွားသည်။

အီရန်သည် နာမည်ကြီးတောင်ကိုရီးယားကိုအနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲကို တက်ရောက်ခဲ့ပြီဖြစ်ရာ လေးကြိမ်မြောက် အာရှဖလားချန်ပီယံ ဖြစ်မဖြစ်ကို စောင့်ကြည့်ရပေတော့မည်။ ။ **(မြန်မာ့အလင်း)**

**စာမျက်နှာ ၇မှ**

အဆိုပါ မဟာဇေယျ အတုလ မာရဇိန်ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးအား အများပြည်သူများ ရွှေမျက်ပါး သင်္ကန်းတော် ကပ်လှူနိုင်ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကြေးသွန်းရုပ်ပွားတော်မြတ်မှ ရွှေတိဂုံစေတီတော် ရင်ပြင်တော်သို့ အရှေ့ဘက်စောင်းတန်းလှေကားမှ တက်ရောက်၍ ရွှေတိဂုံစေတီတော်ကြီးအား လက်ယာရစ်လှည့်ပတ်ကြည်ညိုပြီး ဘုရားဖူးပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေတိဂုံစေတီတော်မြောက်ဘက်စောင်းတန်းအနီးတွင် ရာဇာမုနိ အဓိဋ္ဌာန်ဘုရားရုပ်ပွားတော်အား ပန်း၊ရေချမ်း၊ဆီမီးနှင့် အမွှေးနံ့သာတိုင်များဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ကြည်ညိုသည်။

## ဆင်သမန္တယ်စိုက်ပျိုး

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေတိဂုံစေတီရင်ပြင် တနင်္ဂနွေထောင့်၌ ကျင်းပသည့် ဆေးမြတ်တော်ဝင် ဆင်သမန္တယ်(ဆင်တုံးမန္တယ်)ပင်စိုက်ပျိုးလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ ဆင်သမန္တယ်(ဆင်တုံးမန္တယ်)ပင် စိုက်ပျိုးမည့်နေရာ၌ ရတနာရွှေရည်များဖြင့် သွန်းလောင်းပူဇော်ကာ ဆင်သမန္တယ်(ဆင်တုံးမန္တယ်)ပင်ကို စိုက်ပျိုးပေးသည်။

အဆိုပါ ဆေးမြတ်တော်ဝင် ဆင်သမန္တယ် (ဆင်တုံးမန္တယ်)ပင် စိုက်ပျိုးလှူဒါန်းပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဘုရားဖူးလာပြည်သူများတက်ရောက်ကြသည်။

## ရေစင်သွန်းလောင်း

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆေးမြတ်တော်ဝင် ဆင်သမန္တယ်(ဆင်တုံးမန္တယ်)ပင် စိုက်ပျိုးမည့်နေရာ၌ ရွှေငွေရတနာရည်များဖြင့် သွန်းလောင်းပူဇော်ပြီး ဆင်သမန္တယ်(ဆင်တုံးမန္တယ်)ပင်ကို စိုက်ပျိုးပေးကာ ရေစင်သွန်းလောင်းပေးသည်။

ထိုအချိန်တွင် နိုင်ငံတော်ပြက္ခဒိန်အကြံပေးပညာရှင် အခါတော်ပေးဆရာဦးကျော်က စိန္တာမဏိမန္တန်တော်ကို လည်းကောင်း၊ အခမ်းအနားမှူး ရန်ကုန်တိုင်းသာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစံသင်းလှိုင်နှင့် ပရိသတ်တို့က ဇယန္တောဗောဓိယာမူလေ အစချီသော ဇယမင်္ဂလာအောင်ဂါထာများကိုလည်းကောင်း ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေတိဂုံစေတီတော်ကြီးအား ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေတိဂုံစေတီတော်ရင်ပြင် တနင်္ဂနွေထောင့် ကျောက်စာရုံအနီး၌ စိုက်ပျိုးထားသည့် ဗန္ဓုရသရက်ပင်ကို ကြည့်ရှုစစ်ဆေးပြီး ဆေးမြတ်တော်ဝင် ဆင်သမန္တယ်(ဆင်တုံးမန္တယ်)ပင်စိုက်ပျိုးလှူဒါန်းပွဲအခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုး ငွေမိုးရွာသွန်းဖြိုးပေးသည်။

## ဖူးမြော်ကြည်ညို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေတိဂုံစေတီတော်အထက် ပစ္စယာရှိ ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်တို့ဖြင့် ဆက်ကပ်လှူဒါန်းကာ ဖူးမြော်ကြည်ညိုသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်တွင် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**



**မဟာဇေယျာ အတုလမာရဇိန်ကြေးသွန်းရုပ်ပွားတော်မြတ် နတ်လမ်းတံတားဖွင့်ပွဲ စတီးရွှေလျားတံခါးဖွင့်ပွဲ၊ ရွှေမျက်ပါးသင်္ကန်းကပ်လှူပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားတွင် အလှူရှင် ဦးထွန်းအေး-ဒေါ်နီနီဝင်း (အမှတ် ၇၊ ယုဇနလမ်း၊ မင်္ဂလာတောင်ညွန့်)တို့က အလှူငွေကျပ် ၄၁၀၀၀၀၀ ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် လက်ခံစဉ်။**

**(သတင်းစဉ်)**

**စာမျက်နှာ ၁၂ မှ**

အထွက်နှုန်းရောက်ရှိရေးအတွက် စိုက်ပျိုးနည်းပညာပြခန်း၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြခန်း၊ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန ပြခန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြခန်း၊ ပညာရေးဝန်ကြီးဌာန ပြခန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြခန်း၊ ငါးလုပ်ငန်းဦးစီးဌာန ပြခန်း၊ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ပြခန်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် GEC အရောင်းဆိုင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြခန်း၊ စက်မှုလယ်ယာဦးစီးဌာန ပြခန်း၊ ရွှေထည်စက်မှုလယ်ယာပစ္စည်းအရောင်းပြခန်း၊ ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန ပြခန်း၊ ဂွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီလီမိတက်၏ ဒီဇယ်အင်ဂျင်နှင့် လယ်ယာသုံးပစ္စည်း ရောင်းဝယ်ရေး ပြခန်း၊ ရွှေထွန်းကုမ္ပဏီ လီမိတက်၏ ဒီဇယ်အင်ဂျင်နှင့် လယ်ယာသုံးပစ္စည်းများ အရောင်းပြခန်း၊ ရွှေမေတ္တာစွမ်းအားပြည့် ဓာတ်မြေဩဇာအရောင်းပြခန်း၊မက်စ်ပစီဖိတ်ကုမ္ပဏီလီမိတက်၊ နဝရတ်၊ ရွှေရုဝံ ဘက်စုံအာဟာရပြည့် ဓာတ်မြေဩဇာထုတ်လုပ်ရေး ပြခန်း၊ မာလာမြိုင် အင်တာပရိုက်စိုက်ပျိုးရေးသုံးပစ္စည်း အရောင်းပြခန်း၊ (AWBA) မြန်မာဩဘာ၊ အောင်ရတနာဖြိုးကော်မာရှယ် ကုမ္ပဏီလီမိတက်၏ လယ်ယာသုံးပစ္စည်းပြခန်းနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ ဆီအရောင်းဆိုင်ပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

## စိုက်ပျိုးပြီး

ရန်ကုန်တိုင်းအတွင်း ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး စိုက်ဧက ၁၂၀၀၈၀စိုက်ပျိုးနိုင်ရေး လျာထားသတ်မှတ်ထားရာ ယနေ့အထိ မိုးစပါး ၁၁၄၅၂၆၄ ဧကစိုက်ပျိုးပြီး ဖြစ်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၅ ရာခိုင်နှုန်း စိုက်ပျိုးပြီး ဖြစ်သည်။ ရေတော်မိုးတော် မိုးစပါး စိုက်ဧက ၈၇၇၄၃၆ စိုက်ပျိုးနိုင်ရေး လျာထားသတ်မှတ်ထားရာ ယနေ့အထိ ရေတော်မိုးတော် မိုးစပါး ၈၇၈၂၅၆ဧက စိုက်ပျိုးပြီးဖြစ်သည့်အတွက် သတ်မှတ်ဧက ပြည့်မီကျော်လွန်စိုက်ပျိုးပြီးဖြစ်သည်။ စိုက်ပျိုးရန်ကျန်သည့် ၅၄၈၁၆ဧကကို ရေကျနောက်စိုက် စပါးများအဖြစ် ဆက်လက်စိုက်ပျိုးမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်တွင်းကုန်တင်ကုန်ချ စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်

**ရန်ကုန် ဩဂုတ် ၁**

လမ်းမတော်မြို့နယ် ပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံး လက်အောက်ရှိ ဆိပ်ကမ်းနယ်မြေဌာနခွဲ(၁)၊ (၂)၊ (၃)တို့မှ ကာယ ဉာဏအလုပ်သမားများစုပေါင်း၍ ဇူလိုင်၃၁ရက်နံနက်က ဌာနခွဲ(၁)တွင်ကျင်းပရာ ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် အနောက်ကျောင်း ပဓာန နာယကဆရာတော် ဦးသေိကနှင့် ပင့်သံဃာငါးပါးတို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။ **(က-ပ)**

## ရောဝတီ၊ ချင်းတွင်းနှင့် သံလွင်မြစ်ရေအခြေအနေ

**ရန်ကုန် ဩဂုတ် ၁**

ရောဝတီမြစ်ရေသည် အောင်လံမြို့နှင့် ပြည်မြို့တို့တွင် စိုးရိမ်ရေမှတ်များအထက်တွင် သုံးပေခန့် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်ငါးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ကျဆင်းနိုင်ပြီး ဟင်္သာတမြို့တွင် လက်ရှိရေမှတ်မှ သိသိသာသာ တိုးလာခြင်းမရှိဘဲ ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်ရှိနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် စိုးရိမ်ရေမှတ်များ အထက်တွင် တစ်ပေခန့်ရောက်ရှိပြီး ယနေ့မွန်းတည့်မှ နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

ထို့အတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် စိုးရိမ်ရေမှတ် အထက်တွင် အနည်းငယ်ရှိပြီး ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

# ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်သားမြို့နယ် သစ်တက်ကုန်းရေလွှဲဆည်စစ်ဆေး သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ရေးမှာကြား

ရန်ကုန် ဩဂုတ် ၁

**မန္တလေးတိုင်း မိတ္ထီလာမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဇူလိုင်၂၈ရက်က မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် တည်ပင်တဲကျေးရွာအနီးရှိ တောင်ရေ ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်သည်။**

တောင်ရေ ရေလှောင်တမံဖွင့်ပွဲအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ကျောက်ပန်းတောင်း–မိတ္ထီလာ–မန္တလေးကားလမ်းကို လည်းကောင်း၊ မြစ်သား–မြင်းခြံကားလမ်းကို လည်းကောင်း လမ်းတစ်လျှောက် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၁နာရီတွင် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ သစ်တက်ကုန်းရေလွှဲဆည်သို့ ရောက်ရှိကြသည်။

## ရေထိန်းတံခါး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် သစ်တက်ကုန်းရေလွှဲဆည် တူးမြောင်း ရေထိန်းတံခါးများ ကြံ့ခိုင်မှုအခြေအနေနှင့် ရေလွှဲဆည်တွင် ရေစီးဝင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သစ်တက်ကုန်းရေလွှဲဆည် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက သစ်တက်ကုန်းဆည်၏ ရေပေးတူးမြောင်းအား ယခင်တူးမြောင်းဟောင်းနှင့် တစ်ဆက်တစ်စပ်တည်း ထပ်မံ၍ သူငယ်တော်ကုန်းအထိ တိုးချဲ့ဖော်လုပ်လျက်ရှိရာ ယခုအခါ လေးမိုင်သာကျန်ရှိကြောင်းနှင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းက သစ်တက်ကုန်းရေလွှဲဆည် တိုးချဲ့တူးမြောင်းဖော်လုပ်ခြင်းဖြင့် ကျောက်ဆည်မြို့နယ်၊ မြစ်သားမြို့နယ်၊ တံတားဦးမြို့နယ်များအတွင်း တိုးချဲ့စိုက်ပျိုးနိုင်မည့် နွေစပါးဧကများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## မှာကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မူလသတ်မှတ်ထားသော ကာလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ကြရေး၊ မိုးစပါးနှင့် နွေသီးနှံများ ရေပေးဝေနိုင်ရန်အတွက် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ကြရေးနှင့် သတ်မှတ်စိုက်ဧကေ အပြည့်အဝရရှိစေရန် ဆောင်ရွက်ကြရေး မှာကြားသည်။

အဆိုပါ သစ်တက်ကုန်းရေလွှဲဆည်သည် စမုံချောင်းမှရေများကို သိုလှောင်ထိန်းသိမ်းထားသော ဆည်တစ်ခုဖြစ်ပြီး အလျားပေ ၄၀၀၊ အမြင့် ၁၂ ပေ ၅ လက်မ၊ ရေထိန်းတံခါးရှက် အမြင့်၄ပေ၅လက်မတို့ အပါအဝင် Broad Crested အတွင်း ကိုယ်ထည် ကျောက်ဖြည့်သံကူကွန်ကရစ်စနစ်ဖြင့် တည်ဆောက်ထားသော ရေပိုလွှဲဆည် တစ်ခုဖြစ်သည်။ ရေဆင်းဧရိယာမှာ ၉၄၉ စတုရန်းမိုင်ဖြစ်ကြောင်း သိရှိရသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပင်မတူးမြောင်းမကြီးမှ လက်တံမြောင်း ဒီဝိုင်(၃)သို့ရောက်ရှိပြီး ဆည်ရေပို့လွှတ်နေမှုနှင့် နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဒီဝိုင်(၃) လက်တံမြောင်းသည် အလျားပေ ၅၄၀၀ ရေစီးရေလာ ၁၂ ကျူးစက်ဖြစ်ပြီး လယ်မြေ ၅၀၆ ဒသမ ၈၁ ဧကတို့ကို စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

## တိုးချဲ့မြောင်းသစ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မဲဇလီချောင်း ရေငုပ်ပြွန်အနီး တိုးချဲ့မြောင်းသစ် တူးဖော်ထားရှိမှုနှင့် စက်ယန္တရားဖြင့်လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဒီဝိုင်(၂၉)လက်တံမြောင်းသို့ရောက်ရှိကြပြီး လက်တံမြောင်းအတွင်းသို့ သစ်တက်ကုန်း ရေလွှဲဆည် ပင်မတူးမြောင်းမှ ရေပို့လွှတ်နေမှုကိုလည်းကောင်း၊ လက်တံမြောင်း ဝဲယာတို့၌ နွေစပါးဧက ၄၂၀တို့ကို ရေပေးဝေနိုင်ရန် ဆောင်ရွက်ထားရှိမှုနှင့်မိုးစပါးစိုက်ပျိုးရန်ပြင်ဆင်ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

## ဖြည့်ဆည်းဆောင်ရွက်ပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သစ်တက်ကုန်း ရေသောက်ဧရိယာ တိုးချဲ့ရေးစီမံကိန်း ယာယီလုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ရှေးဦးစွာ တည်ဆောက်ရေး(၇)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက သတ်မှတ်ကာလအမီ ကျန်ရှိသော တိုးချဲ့တူးမြောင်း(၄)မိုင်ပြီးစီးရေးအတွက်စက်ယန္တရားများဖြင့်လုပ်ငန်းဆောင်ရွက်နေမှု၊ လက်ရှိမြောင်းမကြီးချဲ့ထွင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စက်ယန္တရားကြီးများဖြင့် လေယာဉ်ကွင်း အနောက်ဘက်လမ်း၌ သစ်တက်ကုန်းရေလွှဲဆည် တိုးချဲ့တူးမြောင်းဖော်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ကန်ချောကျေးရွာ၌ သစ်တက်ကုန်းရေလွှဲဆည်၏ လက်တံတူးမြောင်း၊ ဒီဝိုင်(၃၀)မှ ဆည်ရေဖြင့် အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

## အဆင့်မြင့်လယ်ယာ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များအား ကျောက်ဆည်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းက အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရေး လုပ်ငန်းခွင် ၌ ပန်းတိုင်အထွက်နှုန်း စပါးတင်း၁၀၀ရရှိရေးအတွက် ရေတော်မိုးတော် လယ်ယာကွက်များ ပေါ်ထွက်လာစေရန် ကြိုးပမ်းဆောင်ရွက်နေမှု၊ လုပ်ငန်းခွင်အတွင်း၌ ကုန်ထုတ်လမ်းများပါ ဖော်ထုတ်မည့်အစီအစဉ်၊ ကျောက်ဆည်ခရိုင်ကို စံပြစက်မှုလယ်ယာခရိုင်အဖြစ် ကြိုးပမ်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာတိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဖြည့်စွက်တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

## ဇောဝတီမြစ်ရေ

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် ဇူလိုင် ၂၉ ရက်တွင် မန္တလေးမြို့ ကမ်းနားလမ်းတစ်လျှောက် ဧရာဝတီမြစ်ရေတိုးမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**(သတင်းစဉ်)**



**ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ (၃၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ရှိ သံဃာတော်အပါး၁၆၀အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၂၈ရက်က ပတ္တမြားခန်းမ၌ကျင်းပရာ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်)ထံ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှမြင့်နှင့် ဆရာ၊ ဆရာမများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

(မြန်မာ့အလင်း)



**အိမ်မဲမြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၂၅ ရက်က တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်း အမှတ်(၆) ဝိုင်းရှိ အိမ်မဲကျောင်းတိုက်၌ ကျင်းပရာ ကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာနေယျ အမှူးရှိသော သံဃာတော်များနှင့် ပင့်သံဃာများအား အသင်းဥက္ကဋ္ဌ ဦးအောင်တင်၊ အတွင်းရေးမှူး ဦးမြင့်စိုးနှင့် အသင်းသူ အသင်းသားများ၊ မြို့နယ်သူမြို့နယ်သားများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

# ကျေးလက်အိမ်ရာ ဆောက်လုပ်ရေး ကွင်းဆင်းဆောင်ရွက်ပေး

**ရန်ကုန် ဩဂုတ် ၁**

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်အိမ်ရာများ တည်ဆောက်ပေးလျက်ရှိရာ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်အိမ်ရာစုစုပေါင်း ၁၆ လုံး တည် ဆောက်ပေးနိုင်ခဲ့သည်။ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်အိမ်ရာစုစုပေါင်း၃၆လုံး တည်ဆောက်ပေးရန် လျာထားရာ ဇူလိုင် ၁၅ ရက်က အမှုဆောင်အရာရှိ(လက်ထောက်ညွှန်ကြားရေးမှူး)ဦးမင်းလွင်စိုးသည် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးပိုင်တို့နှင့်အတူ ဂျိုပင်ကျေးရွာသို့ ကျေးလက်အိမ်ရာဆောက်လုပ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးကြောင်းသိရသည်။

**(က–ပ)**



**ဇူလိုင် ၂၆ရက်က ဘုရားဖြူကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော သုံးထပ်ကျောင်းတော်ကြီးအတွက် နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးအား ဧရာဝဏ်ဆေးတိုက် ဆရာကြီးဦးလှထွန်း–ဒေါ်ခင်ညွန့်မိသားစုတို့က အလှူတော်ငွေကျပ်သုံးသိန်း ဆက်ကပ်လှူဒါန်းစဉ်။** (က–ဝ)

# ကရာတေးဒိုပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုရ မန္တလေးတိုင်း အမျိုးသမီးအသင်းအားဂုဏ်ပြု

**ရန်ကုန် ဩဂုတ် ၁**

၂၀၀၄ခုနှစ်ကိုးကြိမ်မြောက်ပြည်နယ်နှင့်တိုင်း ကရာတေးဒို အမျိုးသမီးပြိုင်ပွဲတွင် ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေးတစ်ခုဖြင့် တံခွန်စိုက်ဒိုင်း ရရှိသော မန္တလေးတိုင်း အမျိုးသမီးအသင်းအား မန္တလေးအသင်း (ရန်ကုန်)က ဂုဏ်ပြုပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကုန်သည်လမ်း အသင်းတိုက် ရတနာခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးအသင်းအားကစားအဖွဲ့ဥက္ကဋ္ဌ ဦးဖေသန်း(ပိဋကတ်တော်)က ဂုဏ်ပြုချီးကျူးစကားပြောကြားပြီးမန္တလေးအသင်း အတွင်းရေးမှူး ဒေါ်မြင့်မြင့်စိန် (ရွှေမန္တလေး)က အောင်ပွဲရအသင်းအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ် ချီးမြှင့်သည်။

ဆက်လက်၍ မန္တလေးတိုင်း ကရာတေးဒိုအဖွဲ့ခေါင်းဆောင် ဦးဇော်နိုင် (တိုင်းကရာတေးဒို အတွင်းရေးမှူး)က ပြိုင်ပွဲအတွေ့အကြုံများရှင်းလင်းတင်ပြပြီးအားကစားသမားများနှင့် မိတ်ဆက်ပေးကာ ကျေးဇူးတင်စကား ပြောကြားကြောင်းသိရသည်။ **(မြန်မာ့အလင်း)**



**ရထားရဲတပ်ဖွဲ့အမှတ်(၁၂)တပ်ခွဲ (အင်းစိန်) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲကကြီးမှူး၍ ဇူလိုင်၂၇ရက်နံနက်က ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို တပ်ခွဲရုံးခန်းမ၌ ကျင်းပရာ တပ်ခွဲမှူးဒုရဲမှူးအောင်ခိုင်ဦးနှင့် တပ်ခွဲမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်ခင်အင်းတို့က သံဃာတော်များထံ ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)



## ဆက်ကပ်လှူဒါန်း

**စစ်ကိုင်းတောင်ရိုး ဓမ္မစွမ်းရည် မဟာစည်သာသနာ့ရိပ်သာကျောင်း ဆရာတော်နှင့် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ ရေကန် ရေစက်ချပွဲနှင့် ဆွမ်းအလှူတော် မင်္ဂလာအခမ်းအနားကို ဇူလိုင် ၂၃ရက်က အဆိုပါကျောင်းတိုက်တွင်ကျင်းပရာ အလှူရှင် ဦးဟန်မြိုင် - ဒေါ်မေသက်မော်(မော်မော်စန်းထိုးမုန့်)မိသားစုက ဆရာတော် ဘဒ္ဒန္တသီရိန္ဒ ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## မင်းဘူး(စကု)မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်စည်းဝေး၊ အသင်းရှေ့လုပ်ငန်းစဉ်များ ရှင်းလင်း

မင်းဘူး ဇူလိုင် ၂၁

**မင်းဘူး(စကု)မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင်၁၇ရက်က မြို့နယ်ခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားသည်။**

### ရှင်းလင်းမှာကြား

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်မြတ်မွန်က ၂၀၀၃ခုနှစ် လုပ်ငန်း အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းများကို ဖတ်ကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ခင်တိုးမြင့်က အသင်း၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

### တက်ရောက်

အခမ်းအနားသို့ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမျိုးတင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌဦးမြင့်ဦးနှင့်အဖွဲ့ဝင်များ၊ရပ်ကွက်နှင့် ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

## ကျောင်းသစ်ဖွင့်ပွဲကျင်းပ

ပျဉ်းမနား ဇူလိုင် ၂၅

ပျဉ်းမနားမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၁ရက် နံနက် ၈နာရီကကျင်းပရာ ရှေးဦးစွာ ကျောင်းရှေ့တွင် ဗိုလ်မှူးကြီးဝင်းမြင့်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန်တို့က ကျောင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အထက်တန်းကျောင်း ဖွင့်လှစ်ရခြင်းများနှင့် ပတ်သက်၍ ကျောင်းအုပ်ဆရာမကြီးက ရှင်းလင်းပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်တစ်ဦးက ကျောင်းလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ **(ဝ၉၉)**

**နေပြည်တော်မြို့နယ် စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းတို့က မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများ၊ ဈေးမိဈေးဖများ၊ ဈေးမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ ဇူလိုင်၄ရက်က နေပြည်တော်မြို့နယ် မြို့မဈေး အမှိုက်သရိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဈေးအတွင်းအပြင် ရေနုတ်မြောင်းများကို စုပေါင်းတူးဖော်ဆောင်ရွက်ကြစဉ်။** (၀၈၅)



## (၈၅)ကြိမ်မြောက် သွေးလှူဒါန်း



**ရန်ကုန် ဩဂုတ် ၁**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရေနံနှင့် ဓာတုဗေဒ ပစ္စည်း ဝယ်ယူပို့ဆောင်ရေးဌာနမှ စက်ခန်းမှူး(ပ) ဦးမောင်မောင်အေး **(အပေါ်ပုံ)**သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးလှူဘဏ်၌ (၈၅)ကြိမ်မြောက်သွေးလှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

## အထက်မြန်မာနိုင်ငံ ဥပဒေမိသားစု ဂေါက်သီးရိုက်ပြိုင်၊ ဆုချီးမြှင့်

**မန္တလေး ဇူလိုင် ၂၃**

အထက်မြန်မာနိုင်ငံဥပဒေမိသားစု ပထမအကြိမ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မန္တလေးမြို့ မန်းတောင်ဂေါက်ကွင်းတွင်ဇူလိုင် ၁၇ ရက် ညနေ၆နာရီက ကျင်းပရာ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အထက်မြန်မာနိုင်ငံ တရားရုံးချုပ်နှင့် တရားရုံးများမှ တရားသူကြီးများ၊အထက်မြန်မာနိုင်ငံ ရှေ့နေချုပ်ရုံးခွဲနှင့် ဥပဒေရုံးများမှ ဥပဒေအရာရှိများ၊ရှေ့နေကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ပါဝင် ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုများချီးမြှင့်ရာ ရှေ့နေချုပ်ရုံးခွဲ(မန္တလေး)မှ ဒုတိယညွှန်ကြားရေးမှူးဦးလှသိန်းက ပထမဆု၊ တရားရုံးချုပ်ရှေ့နေ ဦးထွန်းကြည်က ဒုတိယဆုများရရှိပြီး ဆုများကို ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးသူ လီယိုကွန်ပျူတာ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က ဆုများပေးအပ်ချီးမြှင့်သည်။ ကျန်ဆုရရှိသူများကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်နှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ကြောင်း သိရသည်။ **(အောက်ပုံ) (က-ပ)**

## အမြို့မြို့ အနယ်နယ် သတင်းများ



**မော်လမြိုင်ကျွန်းမြို့နယ် နယ်မြေခံ တပ်ရင်းမှ နိုင်ငံသား အရည်အချင်း ပြည့်မီသူများကို နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇူလိုင် ၇ရက်က ကျင်းပရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်လွင်က ဗိုလ်မှူးစောမြင့်သို့ နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။** (၀၉၇)

## စုပေါင်းသစ်စေ့ကြဲပွဲတော်နှင့် သစ်ပင်စိုက်ပွဲတော်ကျင်းပ

**နွားထိုးကြီး ဇူလိုင် ၁၅**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်စုပေါင်း သစ်စေ့ကြဲ ပွဲတော်နှင့် စုပေါင်း သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၃ ရက် နံနက်၇နာရီက ပြင်စည်မြို့ရှိ မန္တလေး-မြင်းခြံ မော်တော်ကားလမ်းဘေး ဝဲယာတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် မြို့နယ် အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်း အဖွဲ့များမှ အဖွဲ့ဝင်များက သပြေသာကျေးရွာ၊ ခက်လန်းကျေးရွာနှင့် မြင်းခြံ၊ မန္တလေးကားလမ်းဘေး ဝဲယာတွင် သီးပင်စားပင် စုစုပေါင်း ၅၀၀၀ကို တပျော်တပါး စိုက်ပျိုးကြသည်။သစ်စေ့ကြဲပက်ခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်းတို့ကို မြို့နယ်သစ်တောဦးစီးအရာရှိ ဦးခင်မောင်သန်း၊တောအုပ် ဦးကြည်စိုးနှင့်သစ်တောဝန်ထမ်းများက အနီးကပ် ကူညီဆောင်ရွက်ပေးကြသည်။ (၂၁၃)



**ဇူလိုင်၂၅ရက်က ဇေယျာဝတီတိုင်းစည်ပင်သာယာ ရေး အဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်အောင် ဌေး နှင့် တာဝန်ရှိသူများ ဇလွန်မြို့နယ် အတွင်းရေလဲချောင်းကြီး ကျေးလက်ကျောက်ချောလမ်းခင်းရန်ကွင်းဆင်း ကြည့်ရှုစဉ်။**
(မြို့နယ်စည်ပင်)





**ဇူလိုင် ၁၅ရက်က ရွှေဘိုမြို့ကို မြို့တော်အင်္ဂါရပ်နှင့်အညီ ခေတ်မီစေရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ရန်ကြီးအောင်လမ်း(လမ်းလေးခွမှကျုံးအရှေ့ထိပ်ထိ)တွင် ရောင်ပြန်တုံးများ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



**သံဖြူဇရပ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် ဆရာဆရာမနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ရက်က ကျင်းပရာ လက်ထောက်ပြည်နယ်ပညာရေးမှူး (စစ်ဆေးရေး)ဦးထွန်းရီနှင့် မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးတို့ ကြည့်ရှုအားပေးကြစဉ်။** (က-ပ)